အငွေမအကြိမ်မြောက်

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ

# မြန်မာနိုင်ငံရှိ မီဒီယာနှင့် ရွေးကောက်ပွဲများ

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ၊ ၂၄ – ၂၈ ရက်

# မာတိကာ


**မှတ်တမ်းတင်ခြင်း** ..... ၅

**အတိုကောက်များ** ..... ၆

**၁။ အဋ္ဌမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ အနှစ်ချုပ် သုံးသပ်ချက်** ..... ၇

**၂။ အခမ်းအနားဖွင့်လှစ်ခြင်းအစီအစဉ်** ..... ၁၀

ညီလာခံအတွက် အဓိကမိန့်ခွန်း ..... ၁၀
- Mr. Moez Chakchouk, Assistant Director-General, Communication and Information Sector, UNESCO ..... ၁၀

အဖွင့်အမှာစကားပြောကြားမည့် ပုဂ္ဂိုလ်များ ..... ၁၂
- ဦးလှသိန်း၊ ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ..... ၁၂
- ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန ..... ၁၃
- ဦးအုန်းကြိုင်၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ..... ၁၅
- Mr. John Nielsen ၊ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး ..... ၁၅

**၃။ ဆွေးနွေးပွဲအစီအစဉ်** ..... ၁၇

ဆွေးနွေးပွဲ (၁) ရွေးကောက်ပွဲတွင် မီဒီယာ၏ အခန်းကဏ္ဍ၊ ၂၀၁၀၊ ၂၀၁၅၊ ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲများမှ နှိုင်းယှဉ်ချက်နှင့် ရရှိခဲ့သော သင်ခန်းစာများ ..... ၁၇
- ဆွေးနွေးပွဲ (၁) အနှစ်ချုပ် ..... ၂၂

ဆွေးနွေးပွဲ (၂) ရွေးကောက်ပွဲများနှင့် သတင်းထောက်များ၏ ဘေးကင်းလုံခြုံရေး ..... ၂၃
- ဆွေးနွေးပွဲ (၂) အနှစ်ချုပ် ..... ၂၇

ဆွေးနွေးပွဲ (၃) ရွေးကောက်ပွဲကာလများအတွင်း မီဒီယာများ၏ ကျင့်ဝတ်ဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများနှင့် စည်းစောင့်မှု ..... ၂၈
- ဆွေးနွေးပွဲ (၃) အနှစ်ချုပ် ..... ၃၃

ဆွေးနွေးပွဲ (၄) ဆိုရှယ်မီဒီယာခေတ်အတွင်းမှ ရွေးကောက်ပွဲများ ..... ၃၄
• ဆွေးနွေးပွဲ (၄) အနှစ်ချုပ် ..... ၃၈

ဆွေးနွေးပွဲ (၅) တိုင်းရင်းသားဒေသ၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏
ရွေးကောက်ပွဲဆိုင်ရာ သတင်းများ၊ စိန်ခေါ်မှုများနှင့် ဖြေရှင်းခဲ့မှုများ ..... ၃၉
• ဆွေးနွေးပွဲ (၅) အနှစ်ချုပ် ..... ၄၂

**၄။ အကြံပြုချက်များကို ပြန်လည်တင်ပြခြင်း ..... ၄၃**

၄ (က) ဆွေးနွေးပွဲ (၁) မှ အကြံပြုချက်များ ..... ၄၃
၄ (ခ) ဆွေးနွေးပွဲ (၂) မှ အကြံပြုချက်များ ..... ၄၄
၄ (ဂ) ဆွေးနွေးပွဲ (၃) မှ အကြံပြုချက်များ ..... ၄၅
၄ (ဃ) ဆွေးနွေးပွဲ (၄) မှ အကြံပြုချက်များ ..... ၄၅
၄ (င) ဆွေးနွေးပွဲ (၅) မှ အကြံပြုချက်များ ..... ၄၆

# မှတ်တမ်းတင်ခြင်း

## အဋ္ဌမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို အောက်ဖော်ပြပါ အဖွဲ့အစည်းများက ဦးဆောင်ကျင်းပခဲ့ပါသည်။

- ပြန်ကြားရေးဝန်ကြီးဌာန
- မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ
- ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို)

## အဋ္ဌမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးရေးညီလာခံကို အောက်ဖော်ပြပါ အဖွဲ့အစည်းများမှ ကူညီပံ့ပိုးခဲ့ပါသည်။

- International Media Support – FOJO Media Development Programme in Myanmar
- Deutsche Welle Akademie
- USAID
- FHI 360
- Internews
- BBC Media Action
- JICA
- MyPOL

## အဋ္ဌမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ အတွင်းရေးမှူးအဖွဲ့

- နိုင်နိုင်အေး (UNESCO)
- ထက်မွန်အောင် (UNESCO)
- ရဲဝင့်လှိုင် (IMS–FOJO)
- လျှန်ကမ်းမှန် (DW Akademie)
- Youth 29
- အောင်ကျော်စွာ (JICA)
- စစ်အောင်

# အတိုကောက်များ

| | |
|---|---|
| (AA) | ရခိုင့်တပ်မတော် |
| (ANFREL) | အာရှဒေသဆိုင်ရာ လွတ်လပ်သောရွေးကောက်ပွဲများကွန်ရက် |
| (BNI) | မြန်မာ နိုင်ငံတကာ သတင်းအဖွဲ့ |
| (CEO) | အမှုဆောင်အရာရှိချုပ် |
| (DVB) | ဒီမိုကရက်တစ်မြန်မာ့အသံ |
| (IFES) | နိုင်ငံတကာ ရွေးကောက်ပွဲစနစ်များဆိုင်ရာ ဖောင်ဒေးရှင်း |
| (IMS) | နိုင်ငံတကာ မီဒီယာပံ့ပိုးရေးအဖွဲ့ |
| (INGO) | နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ |
| (JICA) | ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| (KIA) | ကချင်လွတ်မြောက်ရေးတပ်မတော် |
| (MoU) | နားလည်မှုစာချွန်လွှာ |
| (MOI) | ပြန်ကြားရေးဝန်ကြီးဌာန |
| (MPC) | မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ |
| (MRTV) | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား |
| (NGO) | အစိုးရမဟုတ်သော အဖွဲ့အစည်းများ |
| (SB) | အထူးရဲတပ်ဖွဲ့ |
| (SOP) | လုပ်ဆောင်မှု လမ်းညွှန်ချက် စံနှုန်း |
| (UEC) | ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် |
| (UNESCO) | ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း |



နေပြည်တော်တွင် ကျင်းပသော အင္ဂမအကြိမ်မြောက် မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ

# ၁။ အင္ဂမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ အနှစ်ချုပ် သုံးသပ်ချက်

အင္ဂမအကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၄ မှ ၂၈ ထိ Covid-19 ကပ်ရောဂါကူးစက်မှု အန္တရာယ်များနှင့် စိန်ခေါ်မှုများအကြားတွင် ကျင်းပခဲ့ပါသည်။ ယခုနှစ်အတွက် ညီလာခံခေါင်းစဉ်မှာ "မြန်မာနိုင်ငံရှိ မီဒီယာနှင့် ရွေးကောက်ပွဲများ" ဖြစ်ပြီး ရွေးကောက်ပွဲအတွင်း သတင်းမီဒီယာများ၏ မရှိမဖြစ်သော အရေးပါမှုနှင့် အခန်းကဏ္ဍကို ထင်ဟပ်စေပြီး မကြာခင်ကာလတွင် ကျင်းပမည့် မြန်မာနိုင်ငံ၏ ၂၀၂၀ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကြီးကို အဓိက အာရုံစိုက် ဦးတည်ထားခြင်းဖြစ်သည်။

ဤညီလာခံတွင် အနယ်နယ်အရပ်ရပ်မှ သတင်းမီဒီယာသမားများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် စိတ်ဝင်စားသူများ အယောက် ၁၀၀ ကျော်သည် ညီလာခံကာလ ၅ ရက်တာကို ဒီဂျစ်တယ်ဆက်သွယ်ရေးကြားခံဖြစ်သည့် Zoom တွင်လည်းကောင်း၊ Myanmar Media Development Facebook စာမျက်နှာနှင့် Myanmar Press Council (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)၏ Facebook စာမျက်နှာနှင့် MoI Webportal ပေါ်တွင် တိုက်ရိုက်ထုတ်လွှင့်မှုများကို နေ့စဉ် ကြည့်ရှုနားဆင်ကြပါသည်။

ပြီးခဲ့သည့် နှစ်ကာလများတွင် ကျင်းပပြီးစီးခဲ့သည့် ညီလာခံများနှင့် မတူညီသည့် တမူထူးခြားသည့် အချက်တစ်ခုမှာ ယခုနှစ် အင္ဂမကြိမ်မြောက် မီဒီယာ

ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံသည် စိန်ခေါ်မှုပေါင်းများစွာ ဝန်းရံသည့်အခြေအနေကြားမှ အဆင်ပြေချောမွေ့စွာ ကျင်းပပြီးစီးနိုင်ခဲ့ခြင်း ဖြစ်သည်။ Covid–19 ကူးစက်ပြန့်ပွားမှုကာလဖြစ်သည့်အတွက် ကိုယ်တိုင်ကိုယ်ကျ မျက်နှာစုံညီ ဆွေးနွေးမှုကို ရှောင်ရှားရန်ရှိသည့် အခြေအနေကြောင့် ဆွေးနွေးမှု အများစုသည် ဒီဂျစ်တယ်ကြားခံသည့် ဆက်သွယ်ရေးနည်းပညာများကိုအသုံးပြုဆွေးနွေးခဲ့ကြပါသည်။

www.Facebook.com/Myanmarmediadev

www.Facebook.com/myanmarpresscouncil

www.Facebook.com/MOIWebportalMyanmar/

နိုင်ငံတွင်း Covid–19 ကူးစက်ပြန့်ပွားမှု အမြင့်ဆုံး ဖြစ်ပွားသည့် အချိန်ဖြစ်သည့်တိုင် ညီလာခံဖွင့်ပွဲ အစီအစဉ်ကို အွန်လိုင်းနည်းလမ်းဖြင့်လည်းကောင်း ရောဂါကာကွယ်ရေး အစီအမံများ သေချာစီစဉ်ထားသည့် မျက်နှာစုံညီဆွေးနွေးပွဲ ပုံစံဖြင့်လည်းကောင်း ဆက်သွယ်ရေးနည်းလမ်း နှစ်မျိုးလုံးအသုံးပြုပြီး အောင်မြင်စွာ စီစဉ်ကျင်းပနိုင်ခဲ့သည်။ အစိုးရဝန်ကြီးဌာနပေါင်းစုံမှ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ အစိုးရဌာနအသီးသီးမှ ပြည်ထောင်စုအဆင့် အဆင့်မြင့်အရာရှိများနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သည့် အဖွဲ့အစည်းများမှ အဆင့်မြင့် ကိုယ်စားလှယ်များ ကိုယ်တိုင်တက်ရောက် မိန်းခွန်းပြောကြားပြီး ညီလာခံ၏ ဖွင့်ပွဲအစီအစဉ်နှင့် ပထမဆုံး စားပွဲဝိုင်းဆွေးနွေးမှုတွင် တက်ကြွစွာ ပါဝင်ခဲ့ကြသည်။

အထူးသဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သတင်းမီဒီယာ ကောင်စီ စသည့် အဖွဲ့စည်းများ၏ လာမည့်ရွေးကောက်ပွဲ အတွင်း သတင်းသမားများ၏ လုံခြုံရေးကို ကာကွယ်ပေးခြင်းဆိုင်ရာ အခန်းကဏ္ဍ၊ သတင်းရပိုင်ခွင့် စသည့် ခေါင်းစဉ်များသည် ညီလာခံ၏ အဓိကဆွေးနွေးသည့် အကြောင်းအရာများ ဖြစ်လာသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများသည် လွတ်လပ်မျှတသည့် ရွေးကောက်ပွဲ ဖြစ်လာနိုင်စေရန် မည်ကဲ့သို့ သေချာပြင်ဆင်ထားသည်၊ မီဒီယာများနှင့် အခြားလူမှုအဖွဲ့အစည်းများသည် မဲဆန္ဒရှင်များမှ မှန်ကန်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့်သူတို့၏ဆန္ဒမဲပေးနိုင်ရန် တွန်းအားပေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် မဲဆန္ဒရှင်များကို အသိပေးခြင်းများ ပြုလုပ်နိုင်ရန် မည်သို့သော အတိုင်းအတာအထိ ကောင်းမွန်စွာ ပြင်ဆင်ထားသည် စသည့် အတွင်းကျကျ ဆွေးနွေးမှုများနှင့် မေးခွန်းမေးမြန်းမှုများ ရှိခဲ့သည်။

သတင်းသမားများအတွက် လုံခြုံရေးဆိုင်ရာကိစ္စသည် အတွင်းကျကျနှင့် အပြုသဘောဆောင်ကာ ဆွေးနွေးသည့် စိုးမိုးမှုအရှိဆုံး အကြောင်းအရာများထဲမှ အကြောင်းအရာတစ်ခုဖြစ်သည်။ ဆွေးနွေးမှုများသည် သတင်းသမားများ သူတို့တာဝန်ထမ်းဆောင်နေစဉ်အတွင်း ဘေးကင်းလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သတင်းမီဒီယာကောင်စီ၏ အခန်းကဏ္ဍအား အလေးအနက်ထား ဆွေးနွေးကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကိုယ်စားပြုပါဝင်မှုသည် ပိုမိုကောင်းမွန်သည့် ဆွေးနွေးမှုဖြစ်စေခဲ့ပြီး အကျိုးရှိသည့် ဆွေးနွေးမှုမှတစ်ဆင့် သတင်းသမားများ၏ လုံခြုံရေးဆိုင်ရာကိစ္စများအတွက် စိုးရိမ်ပူပန်မှုများနှင့်ပတ်သက်သည့် မေးခွန်းများကို မေးမြန်းဆွေးနွေးရန်အတွက် အခွင့်အအရေး ဖန်တီးပေးခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံမှ သင်ယူစရာ သင်ခန်းစာများကိုလည်း မျှဝေခဲ့ကြသည်။

မီဒီယာများ၏ မိမိကိုယ်ကို ထိန်းကျောင်းခြင်းနှင့် သတင်းစာကျင့်ဝတ် ကျင့်သုံးမှုဆိုင်ရာကိစ္စသည် ညီလာခံအတွင်း အလေးနက်ထား ဆွေးနွေးသည့် အကြောင်းအရာတစ်ခုဖြစ်သည်။ တရားဝင်မှတ်ပုံတင်ခြင်းမရှိ၊ ကျင့်ဝတ်လိုက်နာမှုမရှိသော အွန်လိုင်းမီဒီယာခေါ် မီဒီယာများ များပြားလာခြင်းသည် ရွေးကောက်ပွဲသတင်းရေးသားရာတွင် သတင်းစာကျင့်ဝတ် လိုက်နာကျင့်သုံးမှုဆိုင်ရာအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်လာသည်။

အခြားသော စိန်ခေါ်မှုအချို့အနေဖြင့် ပင်မမီဒီယာလောက၏ ဘဏ္ဍာရေးဆိုင်ရာ မတည်ငြိမ်မှုနှင့် Covid-19 ကူးစက်ပြန့်ပွားမှုကြောင့် ဖြစ်ပေါ်နေသောစိန်ခေါ်မှုပင်ဖြစ်သည်။ အဆိုပါစိန်ခေါ်မှုကြောင့် ကျင့်ဝတ်လိုက်နာကျင့်သုံးသည့် ကျင့်ဝတ်နှင့်အညီ လုပ်ဆောင်လျက်ရှိသော ပင်မသတင်းမီဒီယာများသည် လာမည့်ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲသတင်း ရေးသားတင်ဆက်နိုင်ရန် စိန်ခေါ်လျက်ရှိကြောင်းကိုလည်း ဆွေးနွေးကြသည်။

ရွေးကောက်ပွဲသတင်းမီဒီယာများ မိမိကိုယ်ကို ထိန်းကျောင်းခြင်းနှင့်ပတ်သက်၍ ဂျပန်နှင့် အင်ဒိုနီးရှားမှ သင်ခန်းစာများကိုလည်း ဆွေးနွေးခဲ့သည်။ အားတက်ဖွယ်ရာ အကြောင်းအရာတစ်ရပ်မှာ မြန်မာသတင်းမီဒီယာသမားများအနေနှင့် ပြီးခဲ့သည့် ရွေးကောက်ပွဲသတင်းတင်ဆက်မှုမှ ၎င်းတို့ရရှိခဲ့သည့် ရွေးကောက်ပွဲသတင်းရေးသားမှုဆိုင်ရာ စွမ်းရည်မြင့်သင်တန်းနှင့် အတွေ့အကြုံများ၏ အကျိုးဆက်ကြောင့် ရွေးကောက်ပွဲသတင်းတင်ပြမှုအပိုင်းတွင် သတင်းသမားများအနေဖြင့် ပိုမို၍ ကျင့်ဝတ်နှင့်အညီ လုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ချက်ရှိသည်။

မြန်မာနိုင်ငံတွင် သတင်းနှင့် သတင်းအချက်အလက်သုံးစွဲမှုဆိုင်ရာ ပြောင်းလဲမှုများကြောင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းမှား၊ လုပ်ကြံသတင်းနှင့် အမုန်းစကားများ၏ ခြိမ်းခြောက်မှုသည် ညီလာခံ၏ စိတ်လှုပ်ရှားဖွယ်ကောင်းသော အကြောင်းအရာတစ်ခု ဖြစ်ပေသည်။ လူမှုကွန်ရက် အသုံးပြုမှုသည် ၂၀၁၅ ရွေးကောက်ပွဲကျင်းပသည့်အချိန်နှင့် နှိုင်းယှဉ်လျှင် သုံးဆခန့် မြင့်တက်လာပြီး လူမှုကွန်ရက်သည် သုံးစွဲသူအများစု၏ အဓိက သတင်းအချက်အလက်ဆိုင်ရာ ရင်းမြစ်အဖြစ် ရပ်တည်လာခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ Facebook အဖွဲ့အနေဖြင့် ၎င်းတို့နည်းပညာကို အသုံးပြု၍ ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲအား ကြားဝင်စွက်ဖက်ခြင်း မရှိစေရန်၊ လုပ်ကြံသတင်းနှင့် အမုန်းစကားများကို တုံ့ပြန်ရန်၊ သူတို့နည်းပညာကို အသုံးပြုပြီး နိုင်ငံရေးဆိုင်ရာ ကြော်ငြာများအား ပွင့်လင်းမြင်သာမှုရှိစေရန် သေချာအောင် ပြင်ဆင်ထားကြောင်း Facebook ၏ အကြီးတန်းကိုယ်စားလှယ်မှ ရှင်းပြခဲ့ပါသည်။ ပါလီမန်ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် သီရိလင်္ကာမှ သင်ခန်းစာအနေဖြင့် ရွေးကောက်ပွဲအတွင်း သတင်းမှား၊ လုပ်ကြံသတင်းနှင့် အမုန်းစကားများကို မိမိတို့အနေဖြင့် မည်သို့မည်ပုံ တန်ပြန်လုပ်ဆောင်ခဲ့သည်တို့ကို တက်တက်ကြွကြွ ဆွေးနွေးခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေစိုက်သည့် တိုင်းရင်းသား သတင်းမီဒီယာသမားများ၏ ဘဏ္ဍာရေး၊ လုံခြုံရေးနှင့် နည်းပညာဆိုင်ရာကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည်။ လက်ရှိ ပဋိပက္ခဖြစ်ပွားရာဒေသမှ တိုင်းရင်းသားသတင်းသမားများသည် ပြီးခဲ့သည့် ရွေးကောက်ပွဲနှင့် လက်ရှိ မြေပြင်အခြေအနေများမှ အတွေ့အကြုံများကို အခြေပြုပြီး စိန်ခေါ်မှုများကို ဆွေးနွေးဝေမျှခဲ့ကြသည်။ ဆွေးနွေးမှုများသည် ကိုဗစ်-၁၉ ဒုတိယလှိုင်းရိုက်ခတ်မှုနှင့် ရခိုင်တပ်မတော်နှင့် တပ်မတော်ကြားထိပ်တိုက်တွေ့ဆုံမှုများ စသည့် မြေပြင်အနေအထားကို ထင်ဟပ်နေပြီး တိုင်းရင်းသားဒေသများရှိ သတင်းသမားများ၏ လုံခြုံရေးကိစ္စသည် စိုးရိမ်ပူပင်စရာအကောင်းဆုံးကိစ္စတစ်ခုအဖြစ် ရပ်တည်နေဆဲဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၇ မြို့နယ်တွင် အင်တာနက်ဖြတ်တောက်မှုသည် သတင်းသမားများနှင့် ရခိုင်ပြည်နယ်ရှိ မဲဆန္ဒရှင်များ အသိပေးနိုင်ရန်နှင့် သတင်းရရှိနိုင်ရန်အတွက် အကြီးမားဆုံးသော စိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်နေသည်။

ဤအစီရင်ခံစာသည် ညီလာခံ ၅ ရက်တာကာလအတွင်း ဦးဆောင်ဆွေးနွေးသူများနှင့် တက်ရောက်သူများ၏ အဓိကဆွေးနွေးသည့်အချက်များကို ခြုံငုံမိနိုင်ရန်နှင့် အတိုချုပ်တင်ပြနိုင်ရန် ရည်ရွယ်ပါသည်။

# ၂။ အခမ်းအနားဖွင့်လှစ်ခြင်းအစီအစဉ်

## ညီလာခံအတွက် အဓိကမိန့်ခွန်း

- **Mr. Moez Chakchouk,**
  Assistant Director-General, Communication and Information Sector, UNESCO

## အဖွင့်အမှာစကားပြောကြားမည့် ပုဂ္ဂိုလ်များ

- **ဦးလှသိန်း**
  ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

- **ဒေါက်တာဖေမြင့်**
  ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန

- **ဦးအုန်းကြိုင်**
  ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

- **Mr. John Nielsen**
  မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး

## Mr. Moez Chakchouk

Mr. Moez Chakchouk က ညီလာခံမိန့်ခွန်း ပြောကြားရာတွင် ရွေးကောက်ပွဲအတွင်း သတင်းမီဒီယာ၏ အခန်းကဏ္ဍကို အဓိက အပြန်အလှန်ဆက်စပ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း ပုဒ်မ ၁၉ ပါ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာ ဖော်ထုတ်ခွင့် ပုဒ်မ ၂၁ တွင် ပါဝင်သည့် လွတ်လပ်စွာ မဲပေးခွင့် ကြေငြာချက်များကို အခြေခံ၍ ထည့်သွင်းစဉ်းစားရမည့် အဓိကကျသည့် စံနှုန်းလေးချက်နှင့် လက်တွေ့ကျင့်သုံးမှုများကို အဓိကထား ပြောကြားခဲ့သည်။

ပထမအချက်အနေဖြင့် "ရွေးကောက်ပွဲအတွင်း မီဒီယာများ၏ အခန်းကဏ္ဍ" ကို ပြောကြားခဲ့ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် လုံလောက်သည့် သတင်းအချက်အလက်များရရှိကာ ကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် မီဒီယာများသည် မတူညီသည့် တင်ဆက်မှုနှင့် ကြားခံများကို အသုံး

နေပြည်တော်တွင် ကျင်းပသော အဌမအကြိမ်မြောက် မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ





နေပြည်တော်တွင် ကျင်းပသော အဋ္ဌမအကြိမ်မြောက် မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ

ပြု၍ ပြည်သူများကို သတင်းအချက်အလက်များ ဖြန့်ပေးရသည့် အလွန်အရေးပါသော အခန်းကဏ္ဍ ရှိကြောင်း ထောက်ပြခဲ့ပါသည်။

လွတ်လပ်ပြီး အမှီအခိုကင်းကာ ဗဟုအသွင်ဆောင်သည့် ပရော်ဖက်ရှယ်နယ် မီဒီယာကဏ္ဍအနေဖြင့် သာတူညီမျှရှိသည့် ယှဉ်ပြိုင်မှုကို ပံ့ဖော်ပေးသော အဓိကကျသည့် ကဏ္ဍဖြစ်ကြောင်း၊ လုပ်ကြံသတင်း၊ သတင်းယောင်များသည် မီဒီယာများ၊ ဆိုရှယ်မီဒီယာ အကြားတွင် ပြန့်နှံ့လာမှုသည် အများပြည်သူများ ဆန္ဒမဲပေးခြင်းဆိုင်ရာ အသိပညာ ဗဟုသုတများ ဖြန့်ဝေပေးသည့်နေရာတွင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း ထောက်ပြခဲ့ပါသည်။

ဆက်လက်ပြီး ထောက်ပြသည့်အချက်မှာ ပရော်ဖက်ရှင်နယ်မီဒီယာများသည် လုပ်ကြံသတင်းများကို ထုတ်ဖော်ဖွင့်ချခြင်း၊ နိုင်ငံသားများ၏ ဖြန့်ကျက်တွေးခေါ်စဉ်းစားမှုကို မြှင့်တင်ခြင်း စသည့် စိန်ခေါ်မှုများကို တန်ပြန်ရာတွင် ရှေ့တန်းမှ ဖြစ်ကြကြောင်း၊ ယင်းကိစ္စများအတွက် ကောင်းမွန်သည့် အလေ့အကျင့်တစ်ခုမှာ အချက်အလက် တိုက်ဆိုင်စစ်ဆေးခြင်းဖြစ်ကြောင်း၊ ထို့ပြင် မီဒီယာနှင့် သတင်းအချက်အလက် သိရှိနားလည်မှု မြှင့်တင်ခြင်းသည် ဒီမိုကရက်တစ် အသက်ဝိညာဉ် ရှင်သန်နိုင်ရန် ပြည်သူများအတွက် အဓိကလိုအပ်သည့် အရည်အချင်း စံဖြစ်နေကြောင်း၊ သူ့အနေဖြင့် မြန်မာသတင်းမီဒီယာကောင်စီ၏ ချီးကျူးဖွယ်ရာကောင်းသော အလုပ်ဖြစ်သည့် ရွေးကောက်ပွဲအတွင်း သတင်းမီဒီယာများအတွက် လမ်းညွှန်ချက်များ ထုတ်နိုင်ခြင်းကိုလည်း အသိအမှတ်ပြုလိုကြောင်း ဆွေးနွေးခဲ့သည်။

အဓိကဆွေးနွေးချက်များ၏ ဒုတိယအချက်မှာ “နိုင်ငံရေးနှင့် ဆက်နွယ်သော အမုန်းစကား” ဖြစ်သည်။ အစဉ်အလာမီဒီယာများနှင့် လူမှုကွန်ရက် နှစ်ခုလုံးသည် နိုင်ငံရေးစကားစစ်ထိုးခြင်းများ တင်ပြရာတွင် အမုန်းစကားများ၊ လူမျိုးခွဲခြားဆက်ဆံသည့်ဝါဒ၊ အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်အတွေးအခေါ်များကို ကြီးထွားစေသည့် အင်အားကြီးသော ကြားခံများ ဖြစ်လာတတ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ပဋိပက္ခနောက်ခံသမိုင်းရှိသည့် အခင်းအကျင်းနေရာများတွင် စိတ်ခံစားမှုအရ(နိုင်ငံရေးအရ) လက်ရှိအနေအထားကို ပိုမိုဆိုးဝါးသွားရန် လောင်စာထည့်မီးလောင်ရာလေပင့်သည့် ကိစ္စရပ်မျိုး ဖြစ်ပွားမှုမရှိရန် ရွေးကောက်ပွဲတွင် မီဒီယာများ၏ ပရော်ဖက်ရှင်နယ်ပီသမှုသည် အဓိကသော့ချက်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေအနေမျိုးတွင် မီဒီယာများ၏ မိမိကိုယ်ကို ထိန်းကျောင်းနိုင်မှုသည် အရေးကြီးကြောင်း၊ ကျင့်ဝတ်ဆိုင်ရာစံနှုန်းများကို လွတ်လပ်ပြီး အမှီအခိုကင်းသာ သတင်းမီဒီယာကောင်စီ၊ ဂျာနယ်လစ်အဖွဲ့အစည်းများ သို့မဟုတ် သမဂ္ဂကဲ့သို့သော ယန္တယားများမှတစ်ဆင့် ပရော်ဖက်ရှင်နယ် စံနှုန်းများကိုအကောင်အထည်ဖော်ရန် အရေးကြီးကြောင်း ဆွေးနွေးခဲ့သည်။

သတင်းသမားလုံခြုံမှုသည် ညီလာခံမိန့်ခွန်း၏ တတိယမြောက် ဆွေးနွေးသွားသည့် အချက်ဖြစ်သည်။ သတင်းသမားလုံခြုံမှုနှင့် အကာကွယ်ပေးမှုသည် သတင်းသမားလုံခြုံရေးနှင့် အပြစ်ပေးအရေးယူမှုမှကင်းလွတ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ လုပ်ငန်းအစီအစဉ်ကို ညှိနှိုင်းဆောင်ရွက်ရန် ကုလသမဂ္ဂဦးဆောင်အဖွဲ့မှ တာဝန်အပ်နှင်းထားသည့်ယူနက်စကို၏အရေးကြီးဆုံးအချက်အနေဖြင့် အမြဲရှိနေမည်ဖြစ်ကြောင်း၊ အဓိက စိုးရိမ်ပူပန်မှုလည်းဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

နောက်ဆုံးပြောကြားသွားသည့်အချက်မှာ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုအကြောင်းဖြစ်ပြီး ရွေးကောက်ပွဲကာလတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သတင်းအချက်အလက်များ ရယူသုံးစွဲတတ်ရန် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု မြှင့်တင်ပေးရန်မှာ အရေးကြီးကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မီဒီယာများ၊ တတ်သိပညာရှင်များ စသည်ဖြင့် သတင်းနှင့် အချက်အလက်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကြီးထွားလာသည်ကို သတိပြု အသိအမှတ်ပြုကြောင်း ပြောကြားသွားပါသည်။

## ဦးလှသိန်း



ဦးလှသိန်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဥက္ကဋ္ဌ ဦးလှသိန်းက မြန်မာနိုင်ငံရွေးကောက်ပွဲ ကော်မရှင်ကိုယ်စား အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲအား နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်ကို ကြေညာခဲ့ပြီးဖြစ်ပြီး၊ ရွေးကောက်ပွဲသည် စံချိန်စံညွှန်း ၅ ခုဖြစ်သော လွတ်လပ်၊ မျှတ၊ ပွင့်လင်းမြင်သာ၍ အများယုံကြည်မှုရှိရန် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကတိပြုကြောင်း၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲ တစ်ထပ်တည်းကျအောင် ကျွန်တော်တို့ဆောင်ရွက်ပါမယ်လို့ ကတိပြုထားပြီးသားဖြစ်ကြောင်း ပြောကြားခဲ့သည်။

မဲဆန္ဒရှင်များကို အသိပညာပေးခြင်းဆိုင်ရာ ဆောင်ရွက်မှုများသည် ရွေးကောက်ပွဲကာလတွင် လွန်စွာအရေးကြီးသည်ကိုလည်း ပြောကြားခဲ့ပါသည်။ မိမိတို့ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆွယ်စည်းရုံးရေးကာလအတွက် ဥပဒေ၊ နည်းဥပဒေ၊ ရွေးကောက်ပွဲစနစ်များနှင့် လမ်းညွှန်ချက်များကို သတ်မှတ်ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ၎င်းဥပဒေများ၊ နည်းဥပဒေများ အတိုင်းဆောင်ရွက်မှသာ ရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်ဖြစ်သောကြောင့် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အလေးအနက်ထား ဦးစားပေးလုပ်ဆောင်နေရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံရေးပါတီများအတွက် စည်းမျဉ်းစည်းကမ်းများကို နိုင်ငံရေးပါတီများနှင့် ပူးပေါင်းပြီး ညှိနှိုင်းရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာမှု ဖြစ်ပေါ်လာစေရန် ကော်မရှင်မှ စီစဉ်ပြီး စားပွဲဝိုင်းဆွေးနွေးပွဲများနှင့် မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် သတင်းမီဒီယာဆက်ဆံရေး လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး နှစ်ပတ်တစ်ကြိမ် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။ Covid-19 ကူးစက်မှု ဖြစ်ပွားသည့်အတွက်ကြောင့် သတင်းမီဒီယာများနှင့် တွေ့ဆုံမှုကို ပယ်ဖျက်ရခြင်းဖြစ်ကြောင်း၊ သို့သော်ငြား ကော်မရှင်သည် ပညာပေးအစီအစဉ်များကို ရေဒီယိုနှင့် မြန်မာ့ ရုပ်မြင်သံကြားတို့တွင် ဆက်လက်လုပ်ဆောင်နေခဲ့ပြီး ကော်မရှင်၏ အင်တာနက်စာမျက်နှာနှင့် Facebook မှတဆင့် မဲဆန္ဒရှင်များကို အဆက်မပြတ် သတင်းအချက်အလက်များ ပေးနေဆဲဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မဲဆန္ဒရှင်များကို အသိပညာပေးခြင်း မြှင့်တင်ရန်နှင့် ရွေးကောက်ပွဲကာလအတွင်း အမုန်းစကား၊ သတင်းအမှားများ၊ လုပ်ကြံသတင်းများ တုံ့ပြန်နိုင်ရန် လူမှုအဖွဲ့အစည်းများ အပြင် Facebook နှင့် ပူးပေါင်းလုပ်ရှားမှုများကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။ အဆုံးသတ်မှတ်ချက်စကား ပြောကြားရာတွင် မဲဆန္ဒရှင်များကို ပညာပေးခြင်းနှင့် အကူအညီတစ်ခုခုအတွက် ကူညီထောက်ပံ့ပေးခြင်းအားဖြင့် အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်လာနိုင်ရန် တက်ရောက်လာသူများကို ဖိတ်ခေါ်ရင်း နိဂုံးချုပ်သည်။

## ဒေါက်တာဖေမြင့်

ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးဖေမြင့်မှ အဖွင့်အမှာစကားပြောကြားရာတွင် မဲဆန္ဒရှင် အသိပညာပေးရေး မြှင့်တင်ခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ UNESCO နှင့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာမြှင့်တင်ရေးလုပ်ငန်းအစီအစဉ်များအကြောင်း အဓိကပြောကြားသွားသည်။ ရွေးကောက်ပွဲနှင့် ဆက်စပ်သည့် သတင်းအချက်အလက်များပေးရာတွင် ပင်မမီဒီယာများ၏ အရေးကြီးသည့် အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြု ပြောကြားသွားသည်။

အရေးကြီးသည့် အချက်တစ်ချက်အနေဖြင့် ၂၀၁၂ ခုနှစ်မှစတင် ကျင်းပလာသည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံများကို ပြန်ကြည့်လျှင် မြန်မာနိုင်ငံ၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှုသည် အောင်မြင်မှုများနှင့်အတူ ပြောင်းလဲတိုးတက်ကြောင်း ပြောကြားသွားသည်။ ၂၀၁၂ ခုနှစ်ကစ၍ မီဒီယာညီလာခံ ၈ ကြိမ်

ကျင်းပပါကြောင်း၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာများစွာကိုလည်း ၈ ကြိမ်အတွင်း ဆွေးနွေးခဲ့ကြကြောင်း၊ ယင်းကာလများအတွင်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များ၊ အစီအစဉ်များကို တင်ပြဆွေးနွေးကြကြောင်း၊ အကောင်အထည်ဖော်မှုများရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်လာသည့် ကာလတစ်လျှောက်တွင် အောင်မြင်မှုအချို့လည်း ရှိပါကြောင်း၊ အောင်မြင်မှုမရရှိသေးသည့် အချက်များလည်း ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ခြုံငုံကြည့်မည်ဆိုလျှင် ၈ နှစ်တာကာလအတွင်း မြန်မာ့မီဒီယာလောကသည် အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်ခဲ့သည်ဟု မြင်ပါကြောင်း၊ ပြောကြားခဲ့ပြီး စာပေစိစစ်ရေးဖျက်သိမ်းခြင်း၊ ပုဂ္ဂလိကသတင်းစာများ ပြန်လည်ပေါ်ထွန်းလာခြင်း၊ ဂျာနယ်လစ်အဖွဲ့အစည်းများ ဖွဲ့စည်းလာနိုင်ခြင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို ဖွဲ့စည်းနိုင်ခြင်း၊ သတင်းမီဒီယာဥပဒေနှင့် ဥပဒေကြမ်း လုပ်ဆောင်နိုင်ခြင်း၊ သတင်းနှင့် သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးနှင့် မဏ္ဍိုင်လေးရပ် တွေ့ဆုံပွဲများ စသည်ဖြင့် အောင်မြင်မှုတစ်ချို့ကို ပြောကြားသွားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးမှ ဆက်လက်ရည်ညွှန်း ပြောကြားရာတွင် တစ်နှစ်တစ်ကြိမ် သတင်းစာရှင်းလင်းပွဲအပြင် အစိုးရဝန်ကြီးဌာနများအနေဖြင့် မကြာမကြာသတင်းစာရှင်းလင်းပွဲများ လုပ်လာကြကြောင်း၊ ပြောင်းလဲဖော်ဆောင်ရမည့် အရာများ များစွာရှိသေးသည့်တိုင် ပြောရေးဆိုခွင့်ရှိသူကို သတ်မှတ်လာကြကြောင်း၊ မီဒီယာ ညီလာခံကြီးတွေ ကျင်းပလာတဲ့ကာလတစ်လျှောက်မှာ ဒီညီလာခံကနေ ဆွေးနွေးချက်၊ ပြောဆိုချက်၊ လှုပ်ရှားဆောင်ရွက်ချက်တွေရဲ့ အကျိုးသက်ရောက်မှုတွေ တိုးတက်မှု ဖွံ့ဖြိုးမှုဖြစ်စေတဲ့ အကျိုးသက်ရောက်မှုတွေလို့ မိမိနေနှင့် ထင်မြင်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။



ဒေါက်တာဖေမြင့်

မြန်မာနိုင်ငံ မီဒီယာအခင်းအကျင်းတွင် မီဒီယာအသစ်များ ပေါ်ထွန်းလာခြင်းနှင့် နည်းပညာဆိုင်ရာပြောင်းလဲမှုများ မြင်တွေ့ရကြောင်း၊ အစဉ်အလာမီဒီယာ အများပြားသည်လည်း ပုံနှိပ်ထုတ်ဝေရေးနှင့် ဒီဂျစ်တယ်လမ်းကြောင်းပေါ်တွင် မြင်တွေ့နိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း ပြောကြားခဲ့သည်။

အကြံပြုပြောကြားရာတွင် "အဲဒီဆောင်ရွက်မှုတွေဟာ ပိုပြီးတော့ စနစ်တကျ ရှိစေချင်ကြောင်း၊ ပိုပြီးတော့ မြန်မြန်ဆန်ဆန်ဖြစ်စေချင်ကြောင်း၊ ပိုပြီးတော့ မှန်မှန်ကန်ကန် ဖြစ်စေချင်ပါကြောင်း၊ မီဒီယာအသစ်နှင့်ဆက်စပ်ပြီး မီဒီယာဖွံ့ဖိုးတိုးတက်မှုသည် ပိုပြီးတော့ စနစ်တကျနှင့် အကျိုးရလဒ်ကောင်းများနှင့် ဖွံ့ဖြိုးတိုးတက်တာမျိုး ဖြစ်စေချင်တဲ့ သဘောဖြစ်ကြောင်း" ဆွေးနွေးပြောကြားခဲ့သည်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုဝန်ကြီးမှ ပြောကြားရာတွင် ဒီညီလာခံတွင် ထိထိမိမိ၊ ကျယ်ကျယ်ပြန့်ပြန့်နှင့်လေးလေးနက်နက်ဆွေးနွေးဖို့အကြံပြုလိုကြောင်း၊ မြန်မာနိုင်ငံတွင် သတင်းမီဒီယာလောက စနစ်တကျ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် ပါဝင်ကြစေလိုကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါသည်။

# ဦးအုန်းကြိုင်



ဦးအုန်းကြိုင်

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ဥက္ကဋ္ဌ ဦးအုန်းကြိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ မီဒီယာလောကအခြေအနေသည် ပြည်ထောင်စုဝန်ကြီးပြောသည့်အတိုင်း ပြန်ကြားရေးနှင့် သတင်းသမားများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် တိုးတက်မှုရှိကြောင်း ဝန်ခံရမည်ဖြစ်ပါကြောင်း၊ မိမိအသက် ၉၀ ပြည့်ပြီဖြစ်ကြောင်း၊ ကိုလိုနီခေတ်တွင် သတင်းသမား ဖြစ်လာကြောင်း၊ နှစ်ပေါင်းများစွာ ဖြတ်သန်းပြီး ရွေးကောက်ပွဲများစွာ အတွေ့အကြုံရှိကြောင်းနှင့် လာမည့်ရွေးကောက်ပွဲသည် ရွေးကောက်ပွဲမစခင်ကတည်းက ဝေဖန်မှုများ ရှိနေသော်လည်း သူ့ဘဝတစ်လျှောက်အတွင်း အထူးခြားဆုံး ရွေးကောက်ပွဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

မဏ္ဍိုင်လေးရပ်အကြား ပိုမိုကောင်းမွန်သော နားလည်မှုကို မြှင့်တင်ခြင်း၊ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် သတင်းသမားများအကြား နားလည်မှုလွဲမှားခြင်းများကို ဆွေးနွေးနိုင်ခြင်းစသည့် မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲများမှ ရရှိသောအကျိုးသက်ရောက်မှုများကိုလည်း ရည်ညွှန်းပြောကြားခဲ့ပါသည်။

တိကျမှု၊ ဘက်မလိုက်မှုနှင့် တာဝန်ခံမှုရှိရှိဖြင့် ရွေးကောက်ပွဲသတင်း တင်ပြနိုင်ရန် သတင်းသမားများအတွက် လမ်းညွှန်ပေးနိုင်မည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ပြုစုထားသည့် ရွေးကောက်ပွဲသတင်း ရေးသားတင်ပြခြင်း စာအုပ်အကြောင်းကိုလည်း ပြောကြားသွားခဲ့သည်။

## Mr. John Nielsen

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး Mr. John Nielsen က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအပါအဝင် တခြား ဒီမိုကရေစီနိုင်ငံများတွင် မီဒီယာများ၏ အခန်းကဏ္ဍအရေးကြီးပုံနှင့် မီဒီယာများ ကောင်းမွန်စွာ အလုပ်လုပ်နိုင်ဖို့ရန်အတွက် လိုအပ်သည့် ကောင်းမွန်ပြီး လွတ်လပ်သည့် အခြေအနေ၊ ရေရှည်ခိုင်မြဲသော ဘဏ္ဍာရေးလိုအပ်မှုနှင့် မြန်မာနိုင်ငံရှိ မီဒီယာနှင့် သတင်းအချက်အလက် အခင်းအကျင်းများကိုမီးမောင်းထိုးပြောကြားခဲ့သည်။

မီဒီယာများသည် လူမှုအဖွဲ့အစည်းများအတွင်း နိုင်ငံရေးဆွေးနွေးမှုများအတွက် လမ်းကြောင်းတစ်ခု ဖန်တီးပေးခြင်း၊ သတင်းနှင့် သတင်းအချက်အလက်ပေးခြင်းဖြင့် စေ့စပ်နီးစပ်မှု ဖြစ်လာစေခြင်းနှင့် စောင့်ကြည့်လေ့လာသည့် လုပ်ငန်း၊ အာဏာအလွဲသုံးစားမှုများကို အစီရင်ခံခြင်း စသည့် အခန်းကဏ္ဍသုံးခုကို ပြည့်ဝအောင်လုပ်ဆောင်ဖို့ မျှော်လင့်ချက်များကို ဖြည့်ဆည်းလုပ်ဆောင်နေရကြောင်း ပြောကြားခဲ့သည်။



နေပြည်တော်တွင် ကျင်းပသော အဋ္ဌမအကြိမ်မြောက် မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ

အပြန်အလှန်အားဖြင့် သတင်းမီဒီယာများသည် လူ့အဖွဲ့အစည်းအတွင်း မိမိတို့၏ အခန်းကဏ္ဍကို ကျေပွန်အောင်ဆောင်ရွက်နိုင်ရန် ကောင်းမွန်စွာနှင့် လွတ်လပ်စွာ အလုပ်လုပ်ကိုင်နိုင်သည့် အခြေအနေနှင့် ပတ်ဝန်းကျင်လိုအပ်ကြောင်း၊ သတင်းအချက်အလက်များစုဆောင်းနိုင်ရန်နှင့် အများပြည်သူအနေဖြင့် သတင်းမီဒီယာများထုတ်လုပ်သည့် သတင်းအချက်အလက်များကို ပြန်လည်အသုံးပြုနိုင်ရန်အတွက် ထိုသူတို့ကိုကာကွယ်မည့်ဥပဒေလိုအပ်ကြောင်း၊ လုံခြုံစွာ သတင်းတင်ပြနိုင်ရန် ခွင့်ပြုဖို့လိုကြောင်း၊ မိမိအနေဖြင့် မြန်မာမီဒီယာကဏ္ဍအပေါ် အခြားစီပွားရေးကဏ္ဍများကဲ့သို့ ကိုဗစ်-၁၉၏ သက်ရောက်မှုကို အသိအမှတ်ပြုကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ သံအမတ်အနေဖြင့် မြန်မာနိုင်ငံတွင် လူမှုကွန်ရက်အသုံးပြုသူ အဆမတန် များပြားလာကြောင်း၊ မီဒီယာနှင့် သတင်းအချက်အလက် အခင်းအကျင်းအပေါ် အကောင်းနှင့်အဆိုး သက်ရောက်မှုရှိကြောင်း၊ သတိထား ဂရုတစိုက်ရှိဖို့လိုကြောင်း၊ ယခုကဲ့သို့ အလျင်အမြန် ကျယ်ပြန့်လာခြင်းနှင့် မြန်မာနိုင်ငံရှိ Facebook လူမှုကွန်ရက်မီဒီယာပလက်ဖောင်း၏ လွှမ်းမိုးသည့် အခန်းကဏ္ဍသည် အများပြည်သူ ငြင်းခုန်ဆွေးနွေးမှုကို ပံ့ပိုးခြင်းနှင့် လုပ်ကြံသတင်းနှင့် အမုန်းစကားများကို တန်ပြန်တုံ့ပြန်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍအဖြစ် ရှိနေကြောင်း ပြောကြားပြီး၊ သတင်းမီဒီယာကောင်စီ၏ လုပ်ကြံသတင်း၊ သတင်းမှား၊ အမုန်းစကားများ တုံ့ပြန်ကြိုးစားအားထုတ်မှုနှင့် လူမှုသတင်းမီဒီယာ မြှင့်တက်လာခြင်းနဲ့အတူ စိန်ခေါ်မှုများကို ကောင်းကောင်းမွန်မွန်တုံ့ပြန်နိုင်ရန် မကြာသေးခင်က ထုတ်ဝေသည့် မြန်မာသတင်းသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်နှင့်အတူ သတင်းမီဒီယာကောင်စီ၏ ကြိုးစားမှုကို ချီးကျူးပြောကြားခဲ့သည်။

မိမိအနေဖြင့်တိကျသည့်သတင်းအချက်အလက်များကိုဖြန့်တင်ခြင်း၊ လုပ်ကြံသတင်း၊ သတင်းမှားများနှင့် လူမှုကွန်ရက်ပေါ်မှ အမုန်းစကားများ တုံ့ပြန်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒိန်းမတ်သံရုံး၏ ကူညီထောက်ပံ့မှုနှင့် နိုင်ငံတကာမီဒီယာ အထောက်ပံ့ပေးသည့်အဖွဲ့၏ အားထုတ်မှုများအကြောင်းကိုလည်း ထည့်သွင်းပြောကြားသွားသည်။

အဌမကြိမ်မြောက် ညီလာခံတွင် တက်ရောက်လာသူများသည် မိမိလုပ်ဆောင်ပေးနိုင်သည့် ကိစ္စများနှင့် တာဝန်ယူရမည့် ကိစ္စများကိုလည်း သတိပြုလျက် အတူတကွ ပါဝင်ဆွေးနွေးရင်း မကြာခင်ကျင်းပပြုလုပ်တော့မည့် ရွေးကောက်ပွဲအတွင်း လုပ်ကြံသတင်း၊ သတင်းမှားနှင့် အမုန်းစကားများကို တန်ပြန်နိုင်ပါစေကြောင်း ပြောကြားသွားပါသည်။

# ၃။ ဆွေးနွေးပွဲ အစီအစဉ်

## ဆွေးနွေးပွဲ (၁) ရွေးကောက်ပွဲတွင် မီဒီယာ၏ အခန်းကဏ္ဍ၊ ၂၀၁၀၊ ၂၀၁၅၊ ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲများမှ နှိုင်းယှဉ်ချက်နှင့် ရရှိခဲ့သော သင်ခန်းစာများ

ဤအစီအစဉ်တွင် ပြီးခဲ့သော မြန်မာနိုင်ငံအထွေထွေရွေးကောက်ပွဲများနှင့် နိုင်ငံတကာ ရွေးကောက်ပွဲဆိုင်ရာ အခြေအနေအကြောင်းအရာပေါ် နှိုင်းယှဉ်ချက်၊ အတွေ့အကြုံများ၊ သင်ခန်းစာများနှင့် ထင်မြင်ချက်များကို အခြေပြုပြီး ရွေးကောက်ပွဲအတွင်း မီဒီယာများ၏ အခန်းကဏ္ဍအား ဆွေးနွေးကြပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်မီဒီယာများနှင့်ဆက်ဆံရေးတိုးတက်လာကြောင်း၊ ရွေးကောက်ပွဲကို လွတ်လွတ်လပ်လပ် သတင်းယူနိုင်ဖို့ သတင်းသမားများကို အာမခံကြောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် ရွေးကောက်ပွဲနေ့တွင် သတင်းသမားများကို အကူအညီပေးနိုင်ရန် အဆင်သင့်ရှိနေမည်ဖြစ်ကြောင်း၊ တိုင်ကြားမှုတွေနဲ့ပတ်သက်ပြီး ၃ ရက်အတွင်း ဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ ANFERL အနေဖြင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့်စာရင် သတင်းမီဒီယာများ၏ စိတ်အားထက်သန်မှု လျော့နည်းသွားကြောင်း လေ့လာတွေ့ရှိကြောင်း ဆွေးနွေးကြသည်။

### ဦးဆောင်ဆွေးနွေးသူများ

- ပြည်တွင်းမှ ဦးဆောင်ဆွေးနွေးသူ (၁)
  **ဦးမြင့်နိုင်**
  ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်
  အဖွဲ့ဝင်နှင့် ပြောရေးဆိုခွင့် ပုဂ္ဂိုလ်

- ပြည်တွင်းမှ ဦးဆောင်ဆွေးနွေးသူ (၂)
  **ဒေါ်အိအိတင်**
  မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အဖွဲ့ဝင်

- နိုင်ငံတကာမှ ဦးဆောင်ဆွေးနွေးသူ (၁)
  **Mr. Andrea Cairola**
  Programme Specialist
  Communication and Information Sector, UNESCO

- နိုင်ငံတကာမှ ဦးဆောင်ဆွေးနွေးသူ (၂)

**Mr. John Reiner Antiquerra**

Program Officer

Asian Network for Free Elections (ANFREL)

## ဆွေးနွေးပွဲညှိနှိုင်းရေးမှူး

**ဒေါ်လှလှဌေး**

နိုင်ငံခြားသတင်းထောက်

L'AGENCE FRANCE-PRESSE (AFP)

ခေါင်းစဉ်နှင့် ပတ်သက်ပြီး ဦးမြင့်နိုင်မှ ဆွေးနွေးရာတွင် "မိမိအနေဖြင့် မီဒီယာသမားများကို အန်မတန်မှ လေးစားကြောင်း၊ မီဒီယာလုပ်ငန်းကိုလည်း အင်မတန်တန်ဖိုးထားကြောင်း၊ပြီးခဲ့သည့်ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်လျှင် ၂၀၁၀၊ ၂၀၁၅၊ ၂၀၁၈ များတွင် မီဒီယာများသည် ဖွံ့ဖြိုးမှုမရှိသေးကြောင်း၊ ၂၀၁၅ ရွေးကောက်ပွဲတွင် မီဒီယာများ၏အခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အကြီးတန်းအရာရှိတစ်ဦးအားမီဒီယာဆက်ဆံရေးအတွက် တာဝန်ချထားကြောင်း ပြောကြားခဲ့သည်။

ရွေးကောက်ပွဲနှင့်ဆက်စပ်သည့် သတင်းအချက်အလက်များကို ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် ထုတ်လွှင့်ခဲ့သော်လည်း ယခုအခြေအနေနှင့် နှိုင်းယှဉ်လျှင် အလွန်နည်းပါးနေသေးကြောင်း၊ ၂၀၁၉ ခုနှစ် နှစ်လယ်မှစ၍သတင်းမီဒီယာဆက်ဆံရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ပြောရေးဆိုခွင့် တာဝန်ပေးအပ်ခဲ့ကြောင်း၊သို့သော်လည်းကိုဗစ်-၁၉ကူးစက်မှုကြောင့် ဆက်လက်ပြီး မလုပ်ဆောင်နိုင်ကြောင်း၊ လူအများပါဝင်သည့် တွေ့ဆုံမှုများ မလုပ်နိုင်သော်လည်းပဲ မိမိတို့အဖွဲ့သည် သတင်းမီဒီယာသမား ၅ ဦးမှ ၆ ဦး အုပ်စုနှင့်တွေ့ဆုံကာ သတင်းအချက်အလက် ဝေမျှခြင်းအပြင် ဗီဒီယိုကွန်ဖရင့်များနှင့် မီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားပေးလျက်ရှိကြောင်း ဆွေးနွေးဖြေကြားခဲ့သည်။



ဦးမြင့်နိုင်

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် Facebook စာမျက်နှင့် website ကို လွှင့်တင်နိုင်ခဲ့ကြောင်း၊ တိုးတက်မှုတစ်ခုဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပူးပေါင်းပြီး မြန်မာသတင်းသမားများအတွက် ရွေးကောက်ပွဲသတင်းရေးသားခြင်းလမ်းညွှန်ကို ထုတ်ဝေထားကြောင်း၊ သတင်းသမားများသည် နိုင်ငံသားများလည်းဖြစ်ကြောင်း၊ မဲဆန္ဒရှင်များလည်းဖြစ်ကြောင်း၊ ထိုသူတို့အနေဖြင့်ရွေးကောက်ပွဲတွင်သတင်းအမှန်ရရှိအောင် ဘက်လိုက်ခြင်းမရှိပဲ ဆောင်ရွက်သွားမည်ဆိုလျှင် သတင်းမီဒီယာလုပ်ငန်း ပိုမိုပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဒုတိယ ပြည်တွင်းဆွေးနွေးသူ ဒေါ်အိအိတင်မှ မြန်မာသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲသတင်းတင်ပြမှုလမ်းညွှန် အခန်း (၁)၊ (၂) နှင့် (၃)မှ အဓိကကျသည့် အချက်အလက်များကို ဆွဲထုတ်ပြီး ဆွေးနွေးခဲ့ပါသည်။ ရွေးကောက်ပွဲ သတင်းရေးသားတင်ပြမှုတွင် ဘက်မလိုက်မှုသည် အရေးကြီးကြောင်း၊ အများပြင်ဆင်ချက်အတွက် တာဝန်ဝတ္တရားနှင့် ရလဒ်



ဒေါ်အိအိတင်

ကြေညာသည့်အခါ မှန်ကန်ဖို့လိုကြောင်း၊ ရွေးကောက်ပွဲသတင်း တင်ပြနေချိန်တွင် တိုင်ကြားမှုပြသနာတစ်စုံတစ်ရာအတွက် သတင်းမီဒီယာကောင်စီ၏ အခန်းကဏ္ဍအကြောင်း အဓိကဆွေးနွေးခဲ့ပြီး လူမှုကွန်ရက်မီဒီယာ၏ ပျံ့နှံ့မှုကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

“၂၀၁၅ မှာဆိုရင် အွန်လိုင်းကို အသုံးပြုတဲ့သူက ၇ သန်းလောက်သာရှိပေမယ့် အခုခေတ်မှာ သုံးဆတိုးလာပြီးတော့ ၂၂ သန်းကျော်ရှိလာတယ်”ဟု ဆိုသည်။ ဆက်လက်ပြီး သတင်းရေးသားရာတွင် လိုက်နာကျင့်သုံးရမည့် စံနှုန်းများသည် ဒီဂျစ်တယ်မီဒီယာမှာဖြစ်စေ အစဉ်အလာ မီဒီယာမှာဖြစ်စေ အတူတူပင်ဖြစ်ကြောင်း ထပ်လောင်း အသိပေး ဆွေးနွေးခဲ့သည်။ ၎င်းအနေဖြင့် ဆက်လက်ဆွေးနွေးရာတွင် “သတင်းမီဒီယာကောင်စီက ရိုးရိုး complaint တွေဆိုရင် ရက်ပေါင်း ၆၀ အတွင်း ဖြေရှင်းပေးပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲအတွက်ကို complaint တွေလာမယ်ဆိုလို့ရှိရင် အလုပ်လုပ်ရက် ၃ ရက်အတွင်း 3 working days မှာ တတ်နိုင်သမျှ အမြန်ဆုံးဆောင်ရွက်ပေးပါမယ်။ အဲဒါအတွက်ကိုလည်း စီစဉ်ထားပါတယ်။ ရွေးကောက်ပွဲနေ့မှာ သတင်းမီဒီယာကောင်စီရုံးခန်းကို မနက် ၉ နာရီကနေပြီးတော့ ညနေ ၈ နာရီလောက်အထိကို ဖွင့်ထားပါမယ်။ တိုင်ကြားမှုတွေကိုလည်း လက်ခံပါမယ်” ဟုဆိုပါသည်။

နောက်တစ်ချက်အရေးကြီးသည်မှာ ရွေးကောက်ပွဲကော်မရှင်မှ အသိအမှတ်ပြု ထုတ်ပြန်ထားသည့် သက်သေခံကတ်ပြားချိတ်ထားရန် အရေးကြီးကြောင်း၊ မဲရုံဝန်းကျင် သတင်းလိုက်ရာတွင် နည်းဥပဒေ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဖို့ လိုအပ်ကြောင်း အလေးပေးဆွေးနွေးခဲ့သည်။

အစီအစဉ်၏ နိုင်ငံတကာမှ ပထမဆုံး ဆွေးနွေးသူအနေဖြင့် Mr.Adrea Cairola မှ ရွေးကောက်ပွဲဆက်စပ်အကြောင်းအရာတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်နှင့် မီဒီယာလွတ်လပ်ခွင့်ကို ထိန်းသိမ်းခြင်းအပေါ် အဓိကထားသည့် ခိုင်မာသည့်အကြောင်းအရာ ဥပမာသုံးခုဖြစ်သည့် Tools, Practices နှင့် သင်ခန်းစာများဖြင့် တင်ပြဆွေးနွေးထားသည်။

ပထမတစ်ခုသည် Addis Ababa ကြေညာချက်ဖြစ်ကြောင်း၊ ၎င်းသည် အီသီယိုးပီးယားနိုင်ငံတွင် ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ညီလာခံ၏ ရလဒ်တစ်ခုဖြစ်ကြောင်း၊ အသေးစိတ် အကြံပေးချက်များစွာပါဝင်ကြောင်း၊ အကြောင်းမှာ ခေါင်းစဉ်သည် လုပ်ကြံသတင်းကာလအတွင်းမှ သတင်းသမားနှင့် ရွေးကောက်ပွဲဖြစ်သောကြောင့် ဖြစ်ကြောင်း၊ ဒုတိယအစိတ်ပိုင်းအနေဖြင့် ယူနက်စကို၏ လွတ်လပ်စွာပြောဆိုခွင့်နှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှု၏ ကမ္ဘာ့ရေစီးကြောင်းဆိုင်ရာ အခန်းဆက်၏ အာရုံစိုက်ထုတ်ဝေသည့် စာအုပ်ဖြစ်ပြီး တတိယအနေဖြင့် မီဒီယာများမိမိကိုယ်ကို ထိန်းကျောင်းခြင်းလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ပေါင်းစပ်ထိန်းကျောင်းခြင်းပုံစံကို အကြံပြုထားသည့် မူဝါဒရေးရာ စာစောင်ဖြစ်သည်။



Mr. Andrea Cairola

ပထမအစိတ်အပိုင်းကိုတင်ပြရာတွင် ရွေးကောက်ပွဲဆက်စပ်အကြောင်းအရာအတွင်း ငြိမ်းချမ်းရေး၊ ယုံကြည်မှု၊ လွတ်လပ်ခြင်းနှင့် မျှတမှုကို ဖော်ဆောင်နိုင်ရန် သတင်းသမားများ၏ အခြေခံကျသော အခန်းကဏ္ဍကို ဆွဲထုတ်ပြောကြားခဲ့သည်။ ထို့နောက် သတင်းမှားများ မြင့်တက်လာမှုနှင့် သတင်းအချက်အလက်၏ ရိုက်ခတ်မှု၊ ဆက်သွယ်ရေးနည်းပညာနှင့် ဒုတိယအစိတ်အပိုင်းထဲက စိန်ခေါ်မှုများကိုလည်း ဆွေးနွေးထားသည်။

တတိယအစိတ်အပိုင်းကို တင်ပြရာတွင် ကောင်းမွန်တဲ့ အလေ့အကျင့်တွေနှင့် သင်ခန်းစာတွေကို ဘယ်လိုအလေ့အကျင့်ဖြစ်အောင် ထားရမလဲဆိုသည်ကို အလေးနက်ထား ဆွေးနွေးခဲ့သည်။ ဥပမာတစ်ခုအဖြစ်တင်ပြရာတွင် ယူနက်စကိုမှ နိုင်ငံပေါင်း ၅၀ ဖြင့်ပြုလုပ်ခဲ့သည့် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်းမျိုး၏ အရေးကြီးပုံဖြစ်သည်။ စွမ်းရည်မြှင့် သင်တန်းသည် သက်ဆိုင်ရာအခန်းကဏ္ဍများနှင့် စိန်ခေါ်မှုများ၏ အပြန်အလှန် နားလည်ခြင်းကို မြင့်တက်စေကြောင်း၊ တာဝန်ခံရမည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ ဖြစ်ပေါ်လာနိုင်ခြေရှိသည့် စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်စေနိုင်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ဒုတိယ နိုင်ငံတကာဆွေးနွေးသူမှာ Mr. John Reiner Antiquerra ဖြစ်ပြီး ANFREL အဖွဲ့၏ ၂၀၁၀၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ၊ ကြားဖြတ်ရွေးကောက်ပွဲအပေါ် လေ့လာတွေ့ရှိချက်များနှင့် စိန်ခေါ်မှုများကို တင်ပြဆွေးနွေးထားသည်။ မီဒီယာများ၏ အခန်းကဏ္ဍတွင် ပြည်သူလူထုကို သတင်းအချက်အလက်အသိပေးခြင်း၊ လူထု၏ထင်မြင်ချက်များ ပုံဖော်ခြင်းနှင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်ကြောင်းသေချာစေရန် စောင့်ကြည့် လေ့လာခြင်း၊ ပုံမှန်မဟုတ်သော အခြေအနေများ စောင့်ကြည့်လေ့လာခြင်း စသည်တို့ပါဝင်ကြောင်း အလေးထား ဆွေးနွေးခဲ့သည်။

ANFREL မှ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအား သတင်းမီဒီယာများ၏ တင်ဆက်ရေးသားမှုသည် ပုံမှန်အားဖြင့်ရွေးကောက်ပွဲဖြစ်စဉ်နှင့်ရလဒ်များကိုသာ အဓိကထားသည်ဟု လေ့လာတွေ့ရှိရကြောင်း၊ သို့သော်တစ်ချိန်တည်းတွင်သတင်းမီဒီယာအများစုသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် အထူးအာရုံစိုက်ကြပြီး ရွေးကောက်ပွဲအနိုင်ရမည့် အခွင့်အလမ်းကို ခန့်မှန်းကြောင်း၊ ထို့ပြင် ၂၀၁၇ နှင့် ၂၀၁၈ ကြားဖြတ်ရွေးကော်ပွဲများနှင့် ပတ်သက်၍လည်း မီဒီယာများ၏ စိတ်အားထက်သန်မှုသည် လျော့နည်းလာသည်ကို လေ့လာတွေ့ရှိရကြောင်း ဆွေးနွေးပါသည်။

ဆက်လက်၍ဆွေးနွေးရာ မိမိတို့အနေဖြင့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) အပါအဝင် လေ့လာခဲ့ကြကြောင်း၊ စစ်တမ်းရလဒ်အရ သတင်းသမားများသည် မိမိတို့အလုပ်လုပ်ရာတွင် ပိုမို၍ တင်းကျပ်သည်ဟု ခံစားရကြောင်း၊ မြန်မာနိုင်ငံ၏ သတင်းစာလွတ်လပ်မှုဆိုင်ရာအညွှန်းကိန်းကျဆင်းလာကြောင်းနှင့် ကိုဗစ်-၁၉ကူးစက်မှု စသည့် စိန်ခေါ်မှုများစွာ သတင်းသမားများမှ ရင်ဆိုင်နေရကြောင်း ပြောကြားခဲ့သည်။



Mr. John Reiner Antiquerra

ပြီးခဲ့သည့် ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်လျှင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲသတင်းကို တင်ပြနိုင်ရန် သတင်းသမားအများအတွက် ဘာတွေထူးခြားပြီး ပြောင်းလဲသွားနိုင်ပါသလဲ ဆိုသည့် မေးခွန်းကို ဦးမြင့်နိုင်က ပြန်လည်ဖြေကြားရာတွင် တစ်ခါတစ်ရံတွင် မီဒီယာများသည် ကော်မရှင်မှ ပြောသမျှ သတင်းအချက်အလက်များကို ဖော်ပြခြင်းမရှိကြောင်း၊ ကျနော်တို့ လုပ်ဆောင်ချက် တစ်ဝက်လောက်ပါရင်တောင် ကျေနပ်ကြောင်း ဖြေကြားခဲ့သည်။ "တစ်ချို့မီဒီယာတွေကပြောတယ်၊ ကျွန်တော်တို့က ဖော်ပြလိုက်ရင် ကော်မရှင်ဘက်ကနေ လိုက်တယ် ဖြစ်သွားမယ်" ဟူ၍ ထပ်လောင်းဖြေကြားခဲ့သည်။ ဆက်လက်ပြီး သတင်းမီဒီယာများသည် လာမည့်ရွေးကောက်ပွဲတွင် ပိုမို၍ လွတ်လွတ်လပ်လပ် တင်ပြနိုင်သည်ဟု နောက်ဆက်တွဲမေးခွန်းကို ဖြေကြားခဲ့ပါသည်။

ဒေါ်အိအိတင်မှ ရွေးကောက်ပွဲသတင်းတင်ပြမှု အတွေ့အကြုံ နှိုင်းယှဉ်ချက်မေးခွန်းများကို ဖြေကြားရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆက်ဆံရေးအရာရှိ သို့မဟုတ် ပြောရေးဆိုခွင့်ပုဂ္ဂိုလ်၊ ဥက္ကဋ္ဌကဲ့သို့ ပိုမိုမြန်ဆန်သည့် ဆက်သွယ်ရေးအတွက် ဆက်ဆံရေးချန်နယ်တစ်ခုကို ထားရှိသင့်ကြောင်း၊ တစ်ခြား အကြီးတန်းအရာရှိများသည် အမြဲအချိန်ပြည့်အလုပ်ရှိကြကြောင်း၊ ထိုသို့ဆိုလျှင် ရွေးကောက်ပွဲအတွင်း သတင်းမီဒီယာသမားများမှ ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ကူညီဖြေရှင်းနိုင်မည်ဖြစ်ကြောင်း အကြံပြုခဲ့သည်။

သတင်းမီဒီယာကောင်စီသည် ရွေးကောက်ပွဲနေ့တွင် အဆင်သင့်ရှိနေမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနေ့တွင် ကြုံတွေ့လာနိုင်ခြေရှိသည့် ဖြစ်နိုင်ခြေစိန်ခေါ်မှုများအတွက် သတင်းသမားများကို ကူညီရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ဖို့ ကြိုးစားမည်ဖြစ်ကြောင်း၊ ရခိုင်တွင် အင်တာနက် တော်တော်လေး ဆိုးရွားနေကြောင်း၊ နာဂတောင်တန်းတွင်လည်း 2Gသာ အဆင်ပြေကြောင်း၊ ကောင်စီသည် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်လာစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ၄င်းစိန်ခေါ်မှုများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဒေါ်အိအိတင်မှ ဆွေးနွေးဖြေကြားခဲ့သည်။

ဦးမြင့်နိုင်မှ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားရာ တိုင်းရင်းသားဒေသမှ သတင်းသမားများ၏ လုံခြုံရေး မေးခွန်းအား ပြန်လည်ဖြေကြားရာတွင် သတင်းသမားများ၏ လုံခြုံရေးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထူးတပ်ဖွဲ့မှ တာဝန်ယူသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

Mr. Reiner Antiquerra မှ ပဋိပက္ခဖြစ်ရာ နိုင်ငံဒေသများမှ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ဘာတွေ သင်ယူနိုင်မည်နည်းဆိုသည့်မေးခွန်းကိုဖြေကြားရာတွင် "ကျနော်ထင်တယ်၊ လူတွေရဲ့ မဲပေးပိုင်ခွင့်နှင့် လူတွေ

ရဲ့ လုံခြုံရေး အမြဲတမ်း ညီတူညီမျှရှိနေသင့်တယ်”ဟု ပြောကြားခဲ့သည်။

အန္တရာယ်ဖြစ်နိုင်ခြေများကို ဖော်ထုတ်ရန်နှင့် လုံခြုံရေးအတွက် အစီအစဉ်များကို ရေးဆွဲဖို့ နည်းလမ်းတစ်ခုရှိရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးဖို့ အခွင့်အရေးနှင့် လုံခြုံဖို့ရန် အခွင့်အရေးတူညီမှု ရရမည်ဖြစ်ကြောင်း၊ ပြည်သူတွေအနေဖြင့် မဲပေးပိုင်ခွင့်ရှိကြောင်း သူတို့အနေဖြင့် ရှင်သန်ရပ်တည်ပိုင်ခွင့်လည်းရှိကြောင်း၊ ထို့ကြောင့် ဒီအခွင့်အရေးနှစ်ခုကြားတွင် ကျနော်တို့ မျှခြေတစ်ခုယူဖို့ လိုလာကြောင်း ပြန်လည်ပြောကြားခဲ့သည်။


ဒေါ်လှလှဌေး

## ဆွေးနွေးပွဲ (၁) အနှစ်ချုပ်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပသည့်မှစ၍ မီဒီယာများနှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာကြောင်း ဆွေးနွေးသည်။ သတင်းစာရှင်းလင်းပွဲနှင့် မီဒီယာဆက်ဆံရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်မှုမတိုင်ခင်ထိ ပုံမှန်တွေ့ဆုံမှုရှိခဲ့သည်။

- ပြည်ထောင်စုရွေးကောက်ပွဲကောင်မရှင်က ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များဖြန့်ဝေရန် ဒီဂျစ်တယ်နည်းပညာနှင့် နည်းလမ်းများ စတင်အသုံးပြုကြောင်း ဆွေးနွေးသည်။ အရည်အချင်းမပြည့်ဝသေးသော သတင်းသမားများအချို့ကြောင့် မပြည့်စုံသည့် သတင်းရေးသားတင်ပြချက်များရှိနေကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မှတ်ချက်ပြုသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ခိုင်ခိုင်မာမာနှင့် လည်ပတ်သော မီဒီယာပတ်ဝန်းကျင်လိုအပ်မှုကို အသိအမှတ်ပြုသည်။ မြန်မာပြည်၏ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဘက်မလိုက်သော သတင်းမီဒီယာဖြစ်ရန် အားပေးတိုက်တွန်းကြောင်း ဆွေးနွေးသည်။

- မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သည်။ ၂၀၁၅ မြန်မာသတင်းသမားများအတွက် ရွေးကောက်ပွဲလမ်းညွှန်ကို ပြန်လည်ပြင်ဆင်ပြီး International Media Support, Fojo Institute နှင့် ယူနက်စကိုတို့ ပူးပေါင်းပြီး မကြာသေးခင်က ထုတ်ဝေခဲ့သည်။

- မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် ရွေးကောက်ပွဲသတင်းလိုက်သည့် သတင်းသမားများကို ကူညီနိုင်ရန် ပြင်ဆင်ထားသည်။ ရွေးကောက်ပွဲသတင်းနှင့် သက်ဆိုင်သည့် တိုင်ကြားမှုများကို ပုံမှန် ရက် ၆၀ အစား အလုပ်လုပ်သည့် ၃ ရက်အတွင်း ဖြေရှင်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။
- ရွေးကောက်ပွဲ သတင်းအချက်အလက်နှင့် သက်ဆိုင်သည့် သတင်းမှား၊ လုပ်ကြံသတင်းများကို ဖြန့်ဝေသည့် အကောင့်တုများ၏ အန္တရာယ်ကို သတိထားရမည်ဖြစ်သည်။ ရွေးကောက်ပွဲနေ့တွင် သတင်းသမားများနှင့် မဲဆန္ဒရှင်များ၏ လုံခြုံရေးသည် ပြည်ထဲရေးဝန်ကြီးဌာန၏ အထူးတပ်ဖွဲ့များမှ ကိုင်တွယ်လိမ့်မည်ဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကိုဗစ်-၁၉ ဖြစ်ပွားသည့်ကာလအတွင်း မကြာသေးခင်က ရွေးကောက်ပွဲကျင်းပခဲ့သည့် စင်္ကာပူနှင့် တောင်ကိုးရီးယားနိုင်ငံတို့ဆီမှ သင်ယူလေ့လာသည်။ မဲဆွယ်စည်းရုံးရေးနှင့် ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးအတွက် လမ်းညွှန်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Coronavirus Disease (Covid-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ ချမှတ်ထားသည့် လမ်းညွှန်ချက်များအပေါ် အခြေခံသွားမည်ဖြစ်သည်။

## ဆွေးနွေးပွဲ (၂) ရွေးကောက်ပွဲများနှင့် သတင်းထောက်များ၏ ဘေးကင်းလုံခြုံရေး

ရွေးကောက်ပွဲနှင့် သတင်းထောက်များ၏ ဘေးကင်းလုံခြုံရေးအစီအစဉ်တွင် လာမည့် ၂၀၂၀ ရွေးကောက်ပွဲအတွင်း သတင်းထောက်များ၏ ဘေးကင်းလုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်မှုများနှင့် အစီအမံများကို ဆွေးနွေးကြပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ရွေးကောက်ပွဲ လုံခြုံစွာနှင့် ဘေးကင်းစွာ ကျင်းပနိုင်ရေးအတွက် အပြည့်အဝ လုပ်ဆောင်မည်ဖြစ်ပြီး အထူးရဲအင်အားများဖြင့် ဖြည့်စွက်လုပ်ဆောင်မည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ အတွေ့အကြုံများကိုလည်း ဆွေးနွေးထားပြီး ဖိလစ်ပိုင်နိုင်ငံတွင် လုပ်ဆောင်သည့် "Joint Task Force" ကဲ့သို့ပင် မြန်မာနိုင်ငံတွင်လည်း အကောင်အထည်ဖော်နိုင်ရန် ဖြစ်နိုင်ချေများကိုလည်း ဆွေးနွေးကြသည်။ ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ သတင်းထောက်များနှင့် တိုက်ပိုင်မရှိသည့် အလွတ်တန်း သတင်းထောက်များ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စများအတွက် စိုးရိမ်ပူပန်မှုများကိုလည်း ဆွေးနွေးကြသည်။

### ဦးဆောင်ဆွေးနွေးသူများ

- နိုင်ငံတကာမှ ဦးဆောင်ဆွေးနွေးသူ (၁)

  **Mr. Red Batario**

  Executive Director

  Center for Community Journalism Development (CCJD), Philippines

- နိုင်ငံတကာမှ ဦးဆောင်ဆွေးနွေးသူ (၂)

  **Police Lt. Col. (Ms.) Kimberley Molitas**

  Public Information Office

  ဖိလစ်ပိုင်နိုင်ငံ အမျိုးသားရဲတပ်ဖွဲ့

- ပြည်တွင်းမှ ဦးဆောင်ဆွေးနွေးသူ (၁)
  **ဒေါ်ဝေမာသိမ့်**
  မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်

- ပြည်တွင်းမှ ဦးဆောင်ဆွေးနွေးသူ (၂)
  **ရဲမှူးကြီး ကျော်လင်း**
  ညွှန်ကြားရေးမှူး၊ မှုခင်းဌာန၊
  မြန်မာနိုင်ငံရဲတပ်ဖွဲ့

## ဆွေးနွေးပွဲညှိနှိုင်းရေးမှူး

**ဦးတိုးဇော်လတ်**
Operations Director
Democratic Voice of Burma

ပြည်တွင်းမှ ဆွေးနွေးသူတစ်ဦးဖြစ်သည့် ဒေါ်ဝေမာသိမ့်က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေနှင့် သတင်းထောက်များ၏ လုံခြုံရေးနှင့် ပတ်သက်ပြီး ပြင်ဆင်ထားမှုများနှင့် သတင်းသမားတွေအနေနှင့် လိုက်နာရမည့်အချက်များ၊ သိထားသင့်သည့် အချက်များနှင့် ပတ်သက်သော ဆွေးနွေးပွဲညှိနှိုင်းရေးမှူး၏ မေးမြန်းဆွေးနွေးမှုများကို ဖြေကြားရာတွင် သတင်း


ဒေါ်ဝေမာသိမ့်

သမားတွေအနေဖြင့် ကျင့်ဝတ်နှင့်အညီ သတင်းရေးသားဖို့ လိုအပ်ပါကြောင်း၊ သတင်းသမားတွေအနေဖြင့် သတင်းယူသည့်အခါ လုံခြုံရေးအပိုင်း သတ်မှတ်ချက်များကို တိတိကျကျ လိုက်နာဖို့လိုပါကြောင်း၊ သတင်းသမားတွေက သတင်းရယူတဲ့အခါ၊ ဆန္ဒပြပွဲတွေဖြစ်စေ၊ အထိကရုဏ်းတွေ၊ စစ်မက်ဖြစ်ပွားတဲ့နေရာမှာ သတင်းရယူမည်ဆိုရင် လုံခြုံရေးအဖွဲ့အစည်းတွေက သတင်းသမားများကို စောင့်ရှောက်ပေးပိုင်ခွင့်ကိုသတင်းမီဒီယာဥပဒေတွင် ပါရှိပါကြောင်း၊ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး သီးခြားပြဋ္ဌာန်းထားတာ မရှိပေမယ့်၊ မည်သည့်သတင်းသမားကိုမဆို၊ မည်သည့်နေရာကိုမဆို ရွေးကောက်ပွဲသတင်းများကို ရယူခွင့်ရှိဖို့ ရွေးကောက်ပွဲကော်မရှင်နှင့် ဆွေးနွေးညှိနှိုင်းနေတဲ့အချက်တွေ ရှိပါကြောင်း ပြန်လည်ဆွေးနွေးသွားပါသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်မှာ သတင်းသမားတွေ သတင်းရယူသည့်နေရာတွင် လုံခြုံအောင် ဘယ်လိုယူရသင့်လဲဆိုသည့် Safety နှင့်ပတ်သက်သည့် လုပ်ငန်းလမ်းညွှန် Standard Operating Procedure ကို Calendar ပုံစံမျိုး ထုတ်ပေးထားသည့်အကြောင်း၊ မကြာသေးခင်က ရွေးကောက်ပွဲတွင် ကျင့်ဝတ်နှင့်အညီ သတင်းရယူနိုင်ဖို့ စာအုပ်ထုတ်ပြန်ထားတာမျိုး ရှိပါကြောင်း ဆွေးနွေးခဲ့ပါသည်။

သတင်းမီဒီယာများ ရွေးကောက်ပွဲတွင် သတင်းသမားများ၏ လုံခြုံရေးနှင့်ပတ်သက်သည့် ဖိလစ်ပိုင်နိုင်ငံအတွေ့အကြုံများ၊ သင်ခန်းစာယူစရာများ၊ ဆောင်ရန်ရှောင်ရန်များနှင့် ပတ်သက်၍ နိုင်ငံတကာမှ ဆွေးနွေးသူတစ်ဦးဖြစ်သည့် Mr. Red Batario က ဆွေးနွေးရာတွင် ဖိလစ်ပိုင်နိုင်ငံ၏ သတင်းမီဒီယာသမားများ ဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအစဉ် (Philippines Plan of Action) ကို အဓိကထားဆွေးနွေးခဲ့ပါသည်။


Mr. Red Batario

အဆိုပါ ဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအစဉ်တွင် အာဏာပိုင်အဖွဲ့အစည်းများ အထူးသဖြင့် ရဲတပ်ဖွဲ့၊ စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းရာတွင် အခြေခံရမည့် စည်းမျဉ်းများပါရှိကြောင်း၊ ဖော်ပြပါအချက်များသည် ရွေးကောက်ပွဲများအတွင်း သာမက သတင်းမီဒီယာသမားများ၏ နေ့တဓူဝလုပ်ငန်းဆောင်ရွက်မှုများအတွက်ပါ အကျိုးဝင်ကြောင်း၊ နောက်တစ်ချက်အရေးကြီးသည့် အကြောင်းအရာတစ်ရပ်အနေဖြင့် ယင်းအစီအစဉ်တွင် သတင်းမီဒီယာသမားများ၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖိလစ်ပိုင်နိုင်ငံ အမျိုးသားရဲတပ်ဖွဲ့၊ စစ်တပ်တို့နှင့် တွေ့ဆုံဆွေးနွေးမှုများကို ပုံမှန်လုပ်ဆောင်ရန်ဆိုသည့် အချက်ပါရှိပါကြောင်း၊ ဖိလစ်ပိုင်သတင်းသမားများအနေနှင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းတင်ဆက်မှု လက်စွဲစာအုပ်ရှိသည့်အကြောင်း၊ ရွေးကောက်ပွဲအတွင်း သတင်းရယူရာတွင် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ယင်းလက်စွဲစာအုပ်တွင် ထည့်သွင်းထားကြောင်း ဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ရွေးကောက်ပွဲအတွင်း သတင်းရယူရေး၊ သတင်းမီဒီယာဥပဒေအရ လွတ်လပ်စွာ သတင်းရယူခွင့်နှင့် လုံခြုံရေးဆိုင်ရာ အစောင့်အရှောက်ကို တောင်းခံပိုင်ခွင့်ရှိသည့် အချက်များနှင့် ပတ်သက်ပြီး သတင်းထောက်များက သတင်းထောက်အလုပ် လုပ်နိုင်အောင် စီမံထားဆောင်ရွက်ချက်များအပေါ်တွင် ဆွေးနွေးပွဲညှိနှိုင်းရေးမှူး၏ မေးမြန်းဆွေးနွေးမှုကို ပြန်လည်ဆွေးနွေးရာတွင် ရဲမှူးကြီး ကျော်လင်းက အဓိကအားဖြင့် မီဒီယာတွေအနေနဲ့ သတင်းရယူရေးအပိုင်းကတော့ ရွေးကောက်ပွဲကော် မရှင် အဆင့်ဆင့်နှင့်ပဲ သက်ဆိုင်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ရွေးကောက်ပွဲကို လုံခြုံရေး အပြည့်အဝနှင့် ကျင်းပနိုင်ဖို့အတွက် ရွေးကောက်ပွဲ မတိုင်ခင် အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန် ကာလဟူ၍ ကာလအပိုင်း အခြား (၃)ခုတွင် လုံခြုံရေးကို အပြည့်အဝဆောင်ရွက်မှာ ဖြစ်ပါကြောင်း၊ သတင်းမီဒီယာသမားများ ဘက်ကလည်း ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ နည်းဥပဒေ၊ ကျင့်ဝတ်များနဲ့အညီ ဆောင်ရွက်ဖို့အရေးကြီးပါကြောင်း၊ ဥပမာအားဖြင့် သတင်းမီဒီယာ နည်းဥပဒေ ၃၂ (က) သတင်းမီဒီယာ သက်သေခံကတ်ပြားကိုပြပြီး သတင်းရယူခွင့် တောင်းခံဖို့လိုပါကြောင်း၊ ထိုသို့တောင်းခံပြီး သတင်းရယူသည့်အခါမှာလည်း သက်ဆိုင်ရာအဖွဲ့အစည်းများက သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေ လိုက်နာရမည်ဖြစ်ပါကြောင်း ပြန်လည် ဆွေးနွေးသွားပါသည်။

သတင်းမီဒီသမားများအနေဖြင့် ပဋိပက္ခ ဖြစ်ပွားနေသည့် နေရာဒေသများတွင် လုံလုံခြုံခြုံ အလုပ်လုပ်နိုင်ရန်အတွက် အကြံပြုချက်များနှင့် ပတ်သက်၍


ရဲမှူးကြီးကျော်လင်း

ဆွေးနွေးရာတွင် ရဲမှူးကြီးကျော်လင်းက ရွေးကောက်ပွဲလုံခြုံရေးဟူသည့်အချက်တွင်အားလုံးပါဝင်ကြောင်း၊ သတင်းမီဒီယာသမားတွေမကပဲ ရွေးကောက်ပွဲကို ချောချောမွေ့မွေ့ လုံလုံခြုံခြုံဖြစ်သွားနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း၊ သတင်းမီဒီယာသမားများ၏ လုံခြုံရေးကို သီးခြားဆောင်ရွက်ခြင်း မဟုတ်ပဲ လုံခြုံရေးပြည့်ဝဖို့ လုံခြုံရေးကို အပြည့်အဝ ဆောင်ရွက်နိုင်မည်ဆိုလျှင် အားလုံး လုံခြုံသွားမည် ဖြစ်ကြောင်း၊ ပဋိပက္ခဖြစ်ပွားရာ နေရာဒေသများသို့ သတင်းယူသည့်ပုဂ္ဂိုလ်များကိုလည်း လုံခြုံမှုရှိသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးသွားပြီး၊

အဆိုပါအကြောင်းအရာကို ဒေါ်ဝေမာသိမ့်က ဆွေးနွေးရာတွင် လုံခြုံရေးတာဝန်ရှိတဲ့လူတွေက သတင်းသမားတွေရဲ့လုံခြုံရေးကို အဟန့်အတား အနှောင့်အယှက်မရှိအောင် လုံခြုံရေးအဖွဲ့အစည်းတွေက တာဝန်ယူပေးဖို့လိုပါကြောင်း၊ သတင်းမီဒီယာဥပဒေမှာလည်း သတင်းသမားတွေက မည်သည့်နေရာ အဖွဲ့အစည်းမှာမဆို သတင်းယူသည့်အခါမှာ သတင်းရယူပိုင်ခွင့်ရှိပါကြောင်း၊ သတင်းသမားတွေနေဖြင့် လွတ်လပ်စွာ သတင်းရယူဖို့အတွက် နယ်မြေအခြေအနေကိုလည်း သိထားဖို့လိုပါကြောင်း၊ ကြိုတင်ပြင်ဆင်မှုတွေလုပ်ထားရမည်ဖြစ်ကြောင်း၊ ကောင်စီနှင့် ရွေးကောက်ပွဲကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်နေတာမျိုး ရှိပါကြောင်း ဆွေးနွေးသွားပါသည်။


ဦးတိုးဇော်လတ်


Police Lt. Col. (Ms.) Kimberley Molitas

နိုင်ငံတကာ ဆွေးနွေးသူတစ်ဦးဖြစ်သည့် Ms. Kimberley Molitas က ဆွေးနွေးပွဲညှိနှိုင်းရေးမှူး၏ မေးခွန်းဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင်သတင်းထောက်တွေအနေဖြင့် သူ့အလုပ်သူလုပ်နိုင်အောင်၊ ရဲတပ်ဖွဲ့က ရဲအလုပ်လုပ်နိုင်အောင် ဘယ်လိုမျိုးများ စီမံဆောင်ရွက်လဲ၊ မြန်မာနိုင်ငံအနေနှင့် ဘယ်လိုအချက်တွေကို အတုယူသင့်သလဲ။ ဘာတွေကိုများ သိထားသင့်သလဲဆိုသည့် အချက်များကို ပြန်လည်ဆွေးနွေးရာတွင်ဖိလစ်ပိုင်နိုင်ငံတွင်သတင်းမီဒီယာသမားများ၏ ဘေးကင်းလုံခြုံရေးအတွက် “Task Force Safe” ဆိုသည့်အဖွဲ့ လုပ်ငန်းအဖွဲ့ရှိကြောင်း၊ သတင်းမီဒီယာသမားများသည်လည်း ထိုအဖွဲ့တွင်ပါဝင်ကြောင်း၊ ရွေးကောက်ပွဲကာလတွင် “Press Core” ဆိုသည့် အဖွဲ့ရှိကြောင်း၊ အဆိုပါအဖွဲ့တွင် နိုင်ငံခြားအဖွဲ့အစည်းများအနေဖြင့် ဖိလစ်ပိုင်နိုင်ငံ ပြည်သူ့အချက်အလက်များဆိုင်ရာရုံးနှင့် ပူးပေါင်းဆောင်ရွက်ပါကြောင်း၊ မီဒီယာများလုံခြုံရေး လုပ်ငန်းအဖွဲ့တွင် ဖိလစ်ပိုင် အမျိုးသားရဲတပ်ဖွဲ့သာမက အမျိုးသားစုံစမ်းရေးဗျူရိုကလည်းအဖွဲ့ဝင်အဖြစ်ပါဝင်ပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

သတင်းထောက်တွေမှာ ပါဝင်သည့် ပူးပေါင်းဆောင်ရွက်သည့် Task Force အဖွဲ့ကို မြန်မာနိုင်ငံမှာ ဖွဲ့သင့်သလား။ ဆောင်ရန်ရှောင်ရန်၊ အတွေ့အကြုံ၊ ဘာ

တွေလုပ်သင့်သလဲဆိုတာ အကြံပေးပါလားဟူသည့် သင်ခန်းစာယူစရာများကို ဆွေးနွေးရန် ဖိတ်ခေါ်ရာတွင် Ms. Kimberley Molitas က ရဲတပ်ဖွဲ့အနေဖြင့် မီဒီယာများနှင့် ဆက်ဆံရေးပုံမှန်ရှိဖို့ရန် အန်မတန်မှ အရေးကြီးပါကြောင်း၊ မီဒီယာများနှင့် ရဲတပ်ဖွဲ့များသည် ဘုံရည်မှန်းချက်တစ်ခုဖြင့် အလုပ်လုပ်နေကြတာဖြစ်ကြောင်း၊ အများပြည်သူအကျိုး သယ်ပိုးထမ်းရွက်ရေးသည် ဘုံရည်မှန်းချက်ဖြစ်ကြောင်း၊ သို့ရာတွင်မတူညီသည့်နည်းလမ်းလုပ်ကိုင်ပုံများဖြင့် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်နေကြကြောင်း၊

ပထမဖြစ်နိုင်ချေအတွက် အကြံပြုလိုသည်မှာ ဖိလစ်ပိုင်နိုင်ငံမှာလိုမျိုး “Press Core” ကဲ့သို့ စုဖွဲ့မှုတစ်ခု စတင်နိုင်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ “Press Core” အဖွဲ့တွင် ရုပ်ရှင်ကအစ ရုပ်မြင်သံကြား၊ အင်တာနက်အထိ စုဖွဲ့ပေါင်းစည်းပါဝင်ကြောင်း၊

ဒုတိယအချက်အနေဖြင့် ချဉ်းကပ်မှုပုံစံတစ်မျိုးရှိပါကြောင်း၊ မိမိတို့နိုင်ငံမှာကဲ့သို့ ရဲတပ်ဖွဲ့နှင့် သတင်းမီဒီယာများအကြား နားလည်မှုကို တည်ဆောက်ပေးရန် ပံ့ပိုးကူညီပေးမည့် ပူးတွဲလုပ်ငန်းအဖွဲ့ “Joint Task Force” ဖွဲ့စည်းနိုင်ပါကြောင်း၊

ဖိလစ်ပိုင်နိုင်ငံ အတွေ့အကြုံကိုဝေမျှရလျှင် မိမိတို့အနေဖြင့် အတူတကွပူးပေါင်းပြီး မီဒီယာဆက်ဆံရေးမူဝါဒကို ရေးဆွဲကြကြောင်း၊ ထိုမူဝါဒတွင် ရဲတပ်ဖွဲ့၏ တာဝန်ဝတ္တရားများ၊ မီဒီယာများ၏ တာဝန်ဝတ္တရားများကို သေချာဖော်ပြပြီး အတားအဆီးအကန့်အသတ်များ၊ ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးလုပ်ဆောင်ရာတွင် သတင်းမီဒီယာများမှာ လုပ်ဆောင်နိုင်သည့်အချက်များစသည်တို့ကို ထည့်သွင်းကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

## ဆွေးနွေးပွဲ (၂) အနှစ်ချုပ်

- မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက သတင်းမီဒီယာသမားများ ဘေးကင်းလုံခြုံရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်ကို ရေးဆွဲပြဌာန်းပြီး သတင်းမီဒီယာများနှင့် အဖွဲ့အစည်းများသို့ ဖြန့်ဝေပြီးဖြစ်သည်။ လွတ်လပ်စွာ သတင်းရယူနိုင်ရေးနှင့် ဘေးကင်းလုံခြုံစွာ သတင်းရယူနိုင်ရေးကို သတင်းမီဒီယာဥပဒေတွေ ပါရှိပါသော်လည်း အသက်ဝင်ရန် လိုအပ်ချက်များရှိနေသည်။

- မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်ရွယ်ချက်မှာ ပြည်သူများ ဘေးကင်းလုံခြုံစေရေးအတွက် အကာအကွယ်ပေးရန်ဖြစ်ပြီးသတင်းမီဒီယာသမားများသည် ပြည်သူများဖြစ်သည်နှင့်အညီ လုံခြုံမှုရှိမည်ဖြစ်သည်။ သတင်းမီဒီယာသမားများကို သီးသန့်ကာကွယ်ရန်အတွက် လုပ်ဆောင်ရန်မလိုအပ်ပါ။ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် သတင်းမီဒီယာသမားများတွင် လုံခြုံရေးနှင့်ပတ်သက်၍ မတူညီသောအမြင်အယူအဆများရှိပြီး လက်ရှိထက်ပိုသော ပူးပေါင်းလုပ်ဆောင်မှုများ လိုအပ်သည်။

- သတင်းမီဒီယာသမားများအနေဖြင့် သတင်းရယူရာတွင် သက်သေခံအထောက်အထားများ ယူဆောင်ရန်လိုအပ်ပြီး သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများထံ သတင်းပေးပို့ရန် လိုအပ်သည်။ ရွေးကောက်ပွဲကာလအတွင်း သတင်းရယူရေးသားတင်ဆက်သည့် သတင်းမီဒီယာသမားများ လုံခြုံဘေးကင်းရေးအတွက် သတင်းမီဒီယာကောင်စီတွင် တာဝန်ယူသင့်ပြီး ဘေးကင်းလုံခြုံရေးဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍ တစ်စုံတရာ ဖြစ်ပေါ်

ပါက သတင်းမီဒီယာကောင်စီကို အကြောင်းကြားရန် အရေးကြီးသည်။

- ပဋိပက္ခဖြစ်ပွားရာဒေသသို့ သတင်းသွားရောက်ယူမည့် သတင်းမီဒီယာသမားများအနေဖြင့် ဖိလစ်ပိုင်နိုင်ငံတွင်ကျင့်သုံးသည့် ကောင်းမွန်သော အလေ့အကျင့်တစ်ခုဖြစ်သည့် ဘေးကင်းလုံခြုံရေးနှင့် ဆက်စပ်သည့် အန္တရာယ်ကျရောက်နိုင်ခြေ စမ်းစစ်ခြင်း အလေ့အထကို ကျင့်သုံးသင့်သည်။

- ရွေးကောက်ပွဲကာလအတွင်း ဘေးကင်းလုံခြုံမှုရှိစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အထူးရဲများကို ခန့်မည်ဖြစ်သည်။ ဒီဂျစ်တယ်နည်းပညာသုံးပြီး ခြိမ်းခြောက်မှုများနှင့် အမုန်းစကားများအတွက် သီးသန့်ဥပဒေ မရှိသေးသော်လည်း တည်ဆဲဥပဒေများအားဖြင့် ကိုင်တွယ်ထိန်းချုပ်နေသည်။

- မြန်မာသတင်းမီဒီယာသမားများသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ပြီး သတင်းတိုက်များအနေဖြင့်မိမိတို့၏သတင်းမီဒီယာသမားများ၏ ဘေးကင်းလုံခြုံရေးကို အာရုံစိုက်အလေးထားသင့်သည်။ တိုက်ပိုင်မရှိသည့် အလွတ်တန်း သတင်းထောက်များသည် တရားဝင်မှုနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ပိုမိုရင်ဆိုင်နေရသည်။

- တိကျမှန်ကန်သည့် သတင်းများကို ပြည်သူများထံသို့ ပေးပို့နိုင်ရန်အတွက် သတင်းမီဒီယာများ၊ အာဏာပိုင်များနှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများပါဝင်သည့် ပူးတွဲလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းသင့်သည်။

- မကြာသေးခင်က ကျင်းပသည့် မဏ္ဍိုင်လေးရပ်ဆွေးနွေးပွဲတွင် သတင်းမီဒီယာ ကောင်စီအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် တင်ပြထားသော်လည်း တိကျသည့် ဖြေကြားမှု မရှိသေးပေ။

## ဆွေးနွေးပွဲ (၃) ရွေးကောက်ပွဲကာလများအတွင်း မီဒီယာများ၏ ကျင့်ဝတ်ဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများနှင့် စည်းစောင့်မှု

ဆွေးနွေးမှုတွင် သတင်းသမားများကြုံတွေ့ရသော တန်ဖိုးပိုင်းဆိုင်ရာ ဒွိဟအကြပ်အတည်းဖြစ်သည့် “သတင်းတန်ဖိုး” နှင့် “ဘက်မလိုက်မှု” နှစ်ခုကြား အခက်ခဲ၊ လွတ်လပ်စွာ ဖော်ထုတ်ရေးသားခွင့်အရေး ကန့်သတ်မှုမရှိစေရန်အတွက် ဂျပန်မီဒီယာလောက၏ မိမိကိုယ်ကို ထိန်းကျောင်းခြင်း အတွေ့အကြုံများ အကြောင်းကို ဝေမျှဆွေးနွေးသွားကြပါသည်။

နိုင်ငံပိုင် ရုပ်သံတစ်ခုဖြစ်သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံရေးပါတီများ၏ ဟောပြောမှုများအား ထုတ်လွှင့်ခြင်းနှင့်၊ ရွေးကောက်ပွဲကာလ သတင်းရယူရာတွင် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးမှု အတွေ့အကြုံများကို ဆွေးနွေးကြပါသည်။

အင်ဒိုနီးရှားတွင် သတင်းမီဒီယာကောင်စီ၊ ရွေးကောက်ပွဲကော်မရှင်၊ ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင့်ဝတ်လိုက်နာကာ ပရော်ဖက်ရှင်နယ်ပီသသော သတင်းရယူခြင်းများ၊ သတင်းသမား၏ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ထိရောက်မြန်ဆန်စွာ တုံ့ပြန်ဆောင်ရွက်သည့် ယန္တရားတစ်ခု ဖော်ဆောင်ခြင်းများအကြောင်းကို ဝေမျှဆွေးနွေးသွားကြပါသည်။

ကျင့်ဝတ်စည်းကမ်းများကိုလိုက်နာသည့် ပရော်ဖက်ရှင်နယ် မီဒီယာလုပ်ငန်းများ ကျဆင်းလာမှုနှင့် အမျိုးအမည်မသိရသော ဆိုရှယ်မီဒီယာအခြေပြု သတင်းတိုက်များ ပေါ်ထွက်လာမှုနှင့် သူတို့၏ ရွေးကောက်ပွဲအပေါ် မလိုအားအပ်သည့် သက်ရောက်မှုများအား လျှော့ချနိုင်ရန် ဖြစ်နိုင်ခြေရှိသည့် အဖြေများအကြောင်းကို အကျယ်တဝင့် ဆွေးနွေးသွားကြပါသည်။

## ဦးဆောင်ဆွေးနွေးသူများ

- နိုင်ငံတကာမှ ဦးဆောင်ဆွေးနွေးသူ (၁)

  **Dr. Keiichi Hashimoto**

  Senior Advisor on Media/Journalism

  JICA

- နိုင်ငံတကာမှ ဦးဆောင်ဆွေးနွေးသူ (၂)

  **Dr. Agus Sudibyo**

  သတင်းမီဒီယာကောင်စီအဖွဲ့ဝင်

  အင်ဒိုနီးရှားနိုင်ငံ

- ပြည်တွင်းမှ ဦးဆောင်ဆွေးနွေးသူ (၁)

  **ဒေါ်မိုးသူဇာအောင်**

  သွန်ကြားရေးမှူး

  မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

- ပြည်တွင်းမှ ဦးဆောင်ဆွေးနွေးသူ (၂)

  **ဦးကျော်မင်းဆွေ**

  အယ်ဒီတာချုပ်၊ The Voice Journal

  မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီအဖွဲ့ဝင်

## ဆွေးနွေးပွဲညှိနှိုင်းရေးမှူး

**ဦးမြင့်ကျော်**

တွဲဖက်အထွေထွေအတွင်းရေးမှူး(၁)

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ

အစီအစဉ်ခေါင်းစဉ်နှင့်ပတ်သက်ပြီး Dr. Keiichi Hashimoto မှ ဆွေးနွေးရာတွင်၊ ရွေးကောက်ပွဲကာလ သတင်းတင်ဆက်ရေးသားရာ၌ ရွေးကောက်ပွဲနိုင်ခြေမြင့်မားသော ကိုယ်စားလှယ်လောင်းများ၏ သတင်းများသည် မဲဆန္ဒရှင်များ၏ နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပိုမိုအထောက်အကူပြုသည့်အားလျော်စွာ၊ အရေးကြီးသည့် ကိုယ်စားလှယ်လောင်းများကို သတင်းမီဒီယာများမှ ပိုမိုအသားပေးတင်ဆက်ကြရသည်မှာ ရှောင်လွှဲ၍မရနိုင်သည့် အခြေအနေတစ်ခုဖြစ်ပါကြောင်း၊ ထို့အတွက်ကြောင့်လည်း သတင်းသမားများအနေဖြင့် 'သတင်းတန်ဖိုး' နှင့် 'ဘက်မလိုက်ခြင်း' ဟူသော တန်ဖိုးနှစ်ခု



Dr. Keiichi Hashimoto

အကြားဒွိဟဖြစ်မှုကိုအမြဲတစေရင်ဆိုင်နေရခြင်းဖြစ်ပါကြောင်း၊ အခြေခံစည်းမျဉ်းအနေဖြင့် မီဒီယာများသည် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် ကိုယ်စားလှယ်လောင်းများအားလုံးကို ညီတူညီမျှ တန်ဖိုးထားဆက်ဆံရမည် ဖြစ်ပါကြောင်း၊

သို့ရာတွင် "မျှတမှု" ဟူသော စကား၏ အနက်အဓိပ္ပါယ်ကို ဥပဒေဖြင့်သတ်မှတ်ပြဋ္ဌာန်းရန်အတွက် အလွန်လေးနက် ကျယ်ပြန့်သည့်အတွက်ကြောင့်၊ "မျှတမှု" နှင့် "ဘက်မလိုက်မှု" ဟူသော စကားလုံးများ၏ အနက်အဓိပ္ပါယ်ကို သတင်းသမားများအနေဖြင့် မိမိတို့ကိုယ်တိုင် သတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ အကယ်၍ အဆိုပါ "မျှတမှု" နှင့် "ဘက်မလိုက်မှု" ဟူသော စကားလုံးများ၏ အနက်အဓိပ္ပါယ်ကို အာဏာပိုင်အဖွဲ့တစ်ခု (သို့မဟုတ်) အစိုးရအဖွဲ့မှ ဆုံးဖြတ်သတ်မှတ်သည့် အခြေအနေဖြစ်ပေါ်လာမည်ဆိုပါက၊ မီဒီယာများအနေဖြင့် နိုင်ငံရေးအရ ထိလွယ်ရှလွယ်သော အကြောင်းအရာများ တင်ဆက်ရေးသားခြင်းကို စတင်ရှောင်လွှဲလာကြမည်ဖြစ်ပြီး လွတ်လပ်စွာထုတ်ဖော်ရေးသားခြင်းကို ကန့်သတ်ရာသို့ဦးတည်ရောက်ရှိသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပရိသတ်များ၏ အခြေခံလူ့အခွင့်အရေးများနှင့် လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်ကို ကာကွယ်ရန်အတွက် မီဒီယာများအနေဖြင့် မိမိကိုယ်ကိုမိမိ ထိန်းကျောင်းရမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသွားပါသည်။

လူမှုကွန်ရက်မီဒီယာများ အခြေပြုသော လုပ်ကြံသတင်း၊ သတင်းမှားများ ပေါ်ထွက်လာမှုအပေါ် စိုးရိမ်မှုများနှင့်ပတ်သက်၍ ရွေးကောက်ပွဲ ကာလသည်အရည်အချင်းပြည့်ဝသောအစဉ်အလာသတင်းဌာနများအတွက်၊ အခွင့်အရေးကောင်းတစ်ခုဖြစ်ပါကြောင်း၊ ကျင့်ဝတ်လိုက်နာပြီး၊ အရည်အသွေးပြည့်ဝသော သတင်းမီဒီယာများ၏ မျှတ၊ တိကျပြီး ဘက်မလိုက်သော သတင်းအချက်အလက်များ ဖြန့်ချိမှုစံနမူနာကို လက်တွေ့ပြသ လုပ်ဆောင်ခြင်းအားဖြင့် ပြည်သူများ၏ ယုံကြည်မှုကိုရယူရန်အတွက် အခွင့်ကောင်း အခါကောင်း တစ်ခုဖြစ်ပါကြောင်း ဆွေးနွေးသွားပါသည်။

**Dr. Agus Sudibyo** မှ ဆွေးနွေးရာတွင် အင်ဒိုနီးရှားသတင်းမီဒီယာများ၏ မိမိကိုယ်ကို ထိန်းကျောင်းခြင်းသည် သတင်းမီဒီယာများကို မည်သည့် ပြင်ပထိန်းကျောင်းခြင်းမျှ မရှိစေရဟူသော အင်ဒိုနီးရှားသတင်းမီဒီယာဥပဒေ အမှတ် ၄ (၁၉၉၉) တွင် အခြေတည်ထားပါကြောင်း၊ ထိုဥပဒေအရ လွှတ်တော်၊ အစိုးရအဖွဲ့၊ စစ်တပ်နှင့် နိုင်ငံရေးပါတီများသည် သတင်းမီဒီယာများအပေါ် ထိန်းကျောင်းခွင့် တားမြစ်ထားပါကြောင်း၊ အင်ဒိုနီးရှား သတင်းမီဒီယာကောင်စီအနေဖြင့်လည်း အမျိုးသားရဲတပ်ဖွဲ့ (Polri) နှင့် ဖေဖော်ဝါရီ၊ ၂၀၁၂ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ (MoU) ချုပ်ဆိုခဲ့ပါကြောင်း၊ ထို MoU အရ၊ သတင်းသမားများအပေါ် ရဲတပ်ဖွဲ့မှ ပြစ်မှုဆိုင်ရာတိုက်ရိုက်တရားစွဲဆိုခြင်းကို လျှော့ပါးစေရန် အတိအကျဖော်ပြပါရှိပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာဖြစ်စဉ်များနှင့် စပ်လျဉ်းပြီး၊ အင်ဒိုနီးရှားနိုင်ငံ သတင်း


Dr. Agus Sudibyo


ဒေါ်မိုးသူဇာအောင်

မီဒီယာကောင်စီသည် ရွေးကောက်ပွဲကော်မရှင်၊ အမျိုးသား ရုပ်သံလွှင့်ကော်မရှင်တို့နှင့် နားလည်မှုစာချွန်လွှာများ ချုပ်ဆိုထားပါကြောင်း၊ ထိုနားလည်မှုစာချွန်လွှာများတွင် နိုင်ငံရေးပါတီများ (သို့မဟုတ်) ရွေးကောက်ခံကိုယ်စားလှယ်လောင်းများမှ သတင်းမီဒီယာများ၏ တည်းဖြတ်မှုလုပ်ငန်းစဉ်များအပေါ် ဝင်ရောက်စွက်ဖက်မှုမှ တားမြစ်ရေး၊ လက်ရှိ အလုပ်လုပ်နေသော သတင်းထောက်များမှ ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့များတွင် ပါဝင်မှုမှ တားမြစ်ရေး၊ နိုင်ငံရေးဆိုင်ရာ ကြော်ငြာများတွင် ပွင့်လင်းမြင်သာမှုရှိရေးဥပဒေသများကိုသက်ဝင်အားကောင်းစေရေး စသည့် အချက်များပါဝင်ပါကြောင်း။

သတင်းမီဒီယာကောင်စီမှလည်း ကျင့်ဝတ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ ချမှတ်ပြီး၊ မည်သည့်သတင်းသမားကိုမဆို ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့များတွင် ပါဝင်ခြင်း၊ ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ် (သို့မဟုတ်) ဒေသဆိုင်ရာ ခေါင်းဆောင်မှု ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည်ဆိုပါက၊ သတင်းသမားအလုပ်ကို စွန့်လွှတ်ရမည်ဟူသောအချက်ကို ထည့်သွင်းထားပါကြောင်း၊ လက်တွေ့အခြေအနေများတွင်လည်း နိုင်ငံရေးသမားများ၊ နိုင်ငံရေးပါတီများနှင့် သတင်းမီဒီယာကုမ္ပဏီများ၊ သတင်းသမားတို့၏ လျှို့ဝှက်ပူးပေါင်းမှုများ စစ်ဆေးပေါ်ပေါက်လာသည့်အခါ လူမှုကွန်ရက်မီဒီယာများတွင် ပြင်းထန်သောဝေဖန်မှုများကို တွေ့မြင်ရပါကြောင်း၊ ထို့အတွက်ကြောင့်၊ လူမှုကွန်ရက်မီဒီယာများသည် မီဒီယာလုပ်ငန်းများ၊ သတင်းသမားများရဲ့ ပါတီဘက်လိုက်ဆောင်ရွက်ချက်များကို ထိန်းချုပ်ရန်အတွက် နှိုင်းယှဉ်သဘောအားဖြင့် ထိရောက်မှုရှိနေပါကြောင်း ဆွေးနွေးတင်ပြသွားပါသည်။

ရွေးကောက်ပွဲကာလ သတင်းသမားများကာကွယ်ပေးမှုအကြောင်း မေးခွန်းကို ပြန်လည်ဖြေကြားရာတွင်၊ အင်ဒိုနီးရှား သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းသမားအဖွဲ့အစည်းများမှာ အသင်းဝင်များပါဝင်သည့် “အလုပ်အဖွဲ့” ကို ဖော်ဆောင်ထားရှိပါကြောင်း။ ၎င်း “အလုပ်အဖွဲ့” အနေဖြင့် အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ ဝေးလံဒေသများတွင် သတင်းသမားများ အကြမ်းဖက်ခံရသည့်ဖြစ်စဉ်များ ပေါ်ပေါက်လာသည့်အခါ ကောင်းမွန်လျင်မြန်စွာ တုံ့ပြန်နိုင်မည့် ယန္တရားတစ်ခုအနေဖြင့် ဆောင်ရွက်နိုင်ရန်၊ သတင်းမီဒီယာကောင်စီ၊ ဒေသဆိုင်ရာရဲတပ်ဖွဲ့နှင့် သတင်းသမားအဖွဲ့အစည်းများအကြား ပေါင်းကူးဆက်သွယ်ပေးပါကြောင်း၊ အကယ်၍ ဒေသတစ်ခုတွင် သတင်းသမားတစ်ဦးဦး အကြမ်းဖက်ခံရပါက၊ သတင်းမီဒီယာကောင်စီအနေဖြင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှ ပြစ်မှုကျူးလွန်သူအား ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန် တွန်းအားပေးရပါကြောင်း၊ အကယ်၍ သတင်းသမားများကို ဥပဒေကြောင်းအရ အကာကွယ်ပေးပြီး၊ ပြစ်မှုကျူးလွန်သူများအား အရေးယူဆောင်ရွက်မှုမျိုးမရှိပါက၊ အလားတူဖြစ်စဉ်များ ထပ်ခါထပ်ခါ ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသွားပါသည်။

ထို့ပြင် သတင်းမီဒီယာကောင်စီ၊ ရွေးကောက်ပွဲကော်မရှင်နှင့် ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု

များသည် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရသည့် ဖြစ်စဉ်ဖြစ်ပြီး၊ အဆုံးမရှိသော ခက်ခဲသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း ထပ်လောင်း ဆွေးနွေးတင်ပြသွားပါသည်။

ZOOM မှ တက်ရောက်သူတစ်ဦး၏ ရွေးကောက်ပွဲကာလတွင် အကဲဆတ်သော အကြောင်းအရာများကို စုံစမ်းဖော်ထုတ်ရေးသားခြင်းနှင့်ပတ်သက်သည့် မေးခွန်းကို ပြန်လည်ဖြေကြားရာတွင်၊ အင်ဒိုနီးရှားနိုင်ငံတွင် ‘ဘာသာရေး’ အကြောင်းအရာသည် လူမှုကွန်ရက်မီဒီယာများဖြစ်သည့် Facebook နှင့် Twitter တွင် အဓိက ကျယ်ပြန့်စွာပြန့်နှံ့နေသော နိုင်ငံရေး လိုမ့်လုံး၊ လုပ်ကြံသတင်း၊ သတင်းမှားများဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသွားပါသည်။


ဦးကျော်မင်းဆွေ

ပြည်တွင်းမှ ဆွေးနွေးသူတစ်ဦးဖြစ်သည့် ဦးကျော်မင်းဆွေက ဖြည့်စွက်ဆွေးနွေးရာတွင်၊ မြန်မာနိုင်ငံအနေဖြင့် ဘာသာရေးသာမကဘဲ၊ လူမျိုးရေး၊ ကိုယ်ကျိုးစီးပွားကာကွယ်ခြင်း၊ အကျင့်ပျက်ခြစားမှု စသည်များက အကဲဆတ်သော၊ ထိလွယ်ရှလွယ်သော အကြောင်းအရာတွေဖြစ်ပါတယ်။ အဲဒီလိုသတင်းတွေကို စုံစမ်းဖော်ထုတ်ရေးသားတဲ့အခါ သတင်းသမားများအနေနှင့် ဖြစ်ပေါ်လာနိုင်တဲ့ ရလဒ်၊ အပေါင်းလက္ခဏာ အနုတ်လက္ခဏာ ရလဒ်များ၊ လက်ရှိသွားနေတဲ့ နိုင်ငံတည်ဆောက်ရေးလမ်းကြောင်းအပေါ် ဘယ်လိုအထောက်အပံ့ဖြစ်မလဲ ဘယ်လို အနှောင့်အယှက်ဖြစ်မလဲဆိုသည့် ချိန်ညှိမှုက သတင်းခန်းပေါ်မှာ မူတည်လိမ့်မည်ဖြစ်ပါကြောင်း ဖြည့်စွက်ဆွေးနွေးသွားပါတယ်။

အစီအစဉ်ခေါင်းစဉ်အပေါ် ဆွေးနွေးရာတွင် ဦးကျော်မင်းဆွေမှ လွန်ခဲ့သော ၂၀၁၀ နှင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို ပြန်လည်သုံးသပ်ခဲ့ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲသည် တပ်မတော်အစိုးရ၏ အလုံးစုံပံ့ပိုးမှုအောက်တွင် စီစဉ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ရွေးကောက်ပွဲသည် အရပ်သားများ တစ်စိတ်တစ်ပိုင်းဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့သည်ဖြစ်ပြီး၊ လာမည့် ၂၀၂၀ ရွေးကောက်ပွဲသည် အရပ်သားအစိုးရ လုံးလုံးလျားလျားက ဦးဆောင်ကျင်းပမည့် ရွေးကောက်ပွဲဖြစ်နေသည့်အတွက် အင်မတန်အရေးကြီးသည်ဟု မြင်ပါကြောင်း၊ ယခင်နှစ်များထက် သတင်းသမားများ၏ အရည်အသွေးကို မြှင့်တင်တည်ဆောက်ပေးသော သင်တန်းများ၊ ရွေးကောက်ပွဲ သတင်းရေးသားနည်း သင်တန်းများပိုများလာသည့်အတွက် သတင်းမီဒီယာ၏ အခန်းကဏ္ဍ သတင်းသမားများ၏ အတတ်ပညာ ပိုမြင့်မားလာပြီ ဖြစ်ပါကြောင်း၊ အခြားတစ်ဖက်တွင်မူ၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝနှင့် လည်ပတ်နေသော သမိုင်းကြောင်းအစဉ်အလာကောင်းသည့်၊ သိက္ခာ၊ သမာဓိရှိသည့် mainstream media အများစုသည် ငွေကြေးအကြပ်အတည်းနှင့်ရင်ဆိုင်နေရပါကြောင်း၊ သတင်းထောက်ဦးရေ လျော့ကျလာသည့်အတွက် လာမည့်ရွေးကောက်ပွဲတွင် ယခင်နှစ်များကဲ့သို့ အင်တိုက်အားတိုက် လုပ်နိုင်ပါ့မည်လား ဟူသည့် စိုးရိမ်သောက ရှိနေပါကြောင်း။

ကျင့်ဝတ်နှင့်မညီခဲ့လျှင်၊ ပြဿနာတစ်စုံတရာ ရှိလာခဲ့လျှင် သတင်းမီဒီယာကောင်စီအနေနှင့် သုံးရက်အတွင်း မြန်မြန်ဆန်ဆန်ကိုင်တွယ်ရန် ဟူသည့် အဆင့်ထိပါ ထည့်သွင်းထားပါကြောင်း။ ပုံမှန် mainstream media များ၏ သတင်းခန်းများက ပုံမှန် သတင်းရေးသားတင်ဆက်သည့် အတွေ့အကြုံများ၊ ရွေးကောက်ပွဲသတင်းများကို တင်ပြသည့် အတွေ့အကြုံများ ရှိနေသည့်အပြင်၊ ထိုသူတို့မှာ မူလကတည်းက self-regulation ရော၊ သတင်းမီဒီယာကောင်စီက ထုတ်ပြန်ထားသည့် လမ်းညွှန်စာအုပ်များပါ ရှိနေပြီးဖြစ်သည့်အတွက် ပြဿနာ အလွန်တရာမရှိနိုင်ပါကြောင်း ဆွေးနွေးတင်ပြသွားပါသည်။



ဦးမြင့်ကျော်

စိုးရိမ်သောကအနေဖြင့် တရားဝင်မှတ်ပုံမတင်ထားသော၊ မည်သူများက တည်ထောင်ထားမှန်းမသိ၊ တာဝန်ယူမှု တာဝန်ခံမှု မရှိသော အွန်လိုင်းမီဒီယာအများအပြား ပေါ်ထွက်လာပါကြောင်း၊ တာဝန်ယူမှု တာဝန်ခံမှု မရှိသည့် အွန်လိုင်းမီဒီယာများက ကျင့်ဝတ်နှင့်မညီဘဲ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် သတင်းဖော်ပြမှုများသည် ပြည်သူလူထုကို အထောက်အကူမပြု၊ အဆိပ်အတောက် ဖြစ်စေနိုင်သည်အထိ အနုတ်လက္ခဏာ သက်ရောက်နိုင်သည်ဟု မြင်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် ၂၀၁၄ ခုနှစ်ကတည်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC) နှင့် ပူးပေါင်းပြီး မြန်မာသတင်းထောက်များအတွက် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်ဟူသည့် စာအုပ်ကို ပြုစုထားပါကြောင်း၊ ၂၀၁၅ ရွေးကောက်ပွဲတွင် မြန်မာသတင်းသမားများကို ဝေငှဆော်သြ တိုက်တွန်းခဲ့ပါကြောင်း၊ ယခုနှစ်တွင် UEC နှင့် အကြိမ်ကြိမ် ညှိနှိုင်းထားပြီး၊ လူမှုကွန်ရက်မီဒီယာ အခန်းကဏ္ဍကိုပါ ထည့်သွင်းပြီး အလေးအနက်ထား ဆောင်ရွက်ခဲ့ပါကြောင်း။ ရွေးကောက်ပွဲဆိုင်ရာ သတင်းတင်ပြမှုတွေမှာ အကယ်၍

## ဆွေးနွေးပွဲ (၃) အနှစ်ချုပ်

- မကြာသေးခင်က ပြုလုပ်ခဲ့သော ဂျပန်နိုင်ငံ၊ တိုကျိုမြို့တော်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ၂၂ ရှိသည့်အနက် ၅ ဦးကိုသာ သတင်းမီဒီယာများက ဖော်ပြခဲ့ကြပါသည်။ ရှုံးနိမ့်ခဲ့သည့် ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းများထဲမှ တစ်ဦးက မီဒီယာများသည်အဓိကကျသော ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်း ၅ ဦးကိုသာ မျက်နှာသာပေးခဲ့ကြောင်း ပြောဆိုခဲ့သည်။ ဂျပန်အစိုးအရမှ မီဒီယာများ၏ မိမိကိုယ်ကိုထိန်းကျောင်းခြင်းကို ဝင်ရောက်စွက်ဖက်မှု ပြုလုပ်ခဲ့ခြင်းမရှိပါ။ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ နိုင်ငံရေးအမြင်၊ ပုဂ္ဂိုလ်ရေးရာ သမိုင်းကြောင်းများအား ရုပ်/သံထုတ်လွှင့်မှု မီဒီယာတွင် ထုတ်လွှင့်စေနိုင်ရန်အတွက်သာ အခကြေး ပေးထားပါသည်။

- ရွေးကောက်ပွဲကော်မရှင်မှ အများပြည်သူ ဝန်ဆောင်မှုမီဒီယာလုပ်ငန်းများ၏ ရွေးကောက်ပွဲ သတင်းတင်ဆက်မှုများအတွက် ကုန်ကျစရိတ်များကို ကျခံခဲ့ပါသည်။

- နိုင်ငံပိုင်ရုပ်သံမီဒီယာတစ်ခုဖြစ်သည့်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ရွေးကောက်ပွဲကာလတွင် နိုင်ငံရေးပါတီများ၏ ဟောပြောချက်များကို လူကြည့်အများဆုံး အချိန်တွင် ညီမျှသော ရုပ်သံလွှင့်ချိန်ပေးကာ ထုတ်လွှင့်ပေးလျက်ရှိပါသည်။

- မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ ထုတ်လွှင့်ရာတွင် နည်းစနစ်ပိုင်းဆိုင်ရာများကို ပံ့ပိုးကူညီပေးပြီး ဟောပြောသည့်အကြောင်းအရာများသည် နိုင်ငံရေးပါတီများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အကြား သဘောတူချက်များအတိုင်း ဖြစ်သည်။

- အင်ဒိုနီးရှားနိုင်ငံသတင်းမီဒီယာကောင်စီသည် အစိုးရ၊ စစ်တပ်နှင့် နိုင်ငံရေးပါတီများနှင့် ကင်းလွတ်သည်။ သတင်းသမားများအပေါ် တိုက်ရိုက်ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းမှ ကာကွယ်ရန်အတွက် သတင်းမီဒီယာကောင်စီနှင့် ရဲတပ်ဖွဲ့အကြား နားလည်မှုစာချွန်လွှာ ရေးထိုးထားသည်။

- သတင်းသမားများအနေဖြင့် ရွေးကောက်ပွဲကာလတွင် နိုင်ငံရေးပါတီ (သို့ဟုတ်) မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် ပါဝင်လုပ်ဆောင်မည်ဆိုပါက၊ သတင်းသမားအဖြစ်မှ နုတ်ထွက်ပေးရန် တာဝန်ရှိသည်။

- လွန်ခဲ့သော ၂၀၁၀၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်သော်၊ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ သတင်းရယူတင်ဆက်ရာတွင်၊ အွန်လိုင်းမီဒီယာ အများအပြားပေါ်ထွက်လာမှု၊ ပါတီစွဲမှု၊ အမုန်းစကားများ၊ လုပ်ကြံသတင်း၊ သတင်းမှားများ စသည်တို့၏ စိန်ခေါ်မှုများ ပိုမိုများပြားလာသည်။

## ဆွေးနွေးပွဲ (၄) ဆိုရှယ်မီဒီယာခေတ်အတွင်းမှ ရွေးကောက်ပွဲများ

ဆိုရှယ်မီဒီယာခေတ်အတွင်းမှ ရွေးကောက်ပွဲများ အစီအစဉ်တွင် Facebook လူမှုကွန်ရက်အနေဖြင့် လာမည့်၂၀၂၀အထွေထွေရွေးကောက်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်မှုများဖြစ်သည့် နိုင်ငံရေးနှင့်ပတ်သက်သည့် ကြော်ငြာများ၊ ရွေးကောက်ပွဲကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် လုပ်ကြံသတင်း၊ သတင်းမှားနှင့် အမုန်းစကားများ၊ ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲကို ဝင်ရောက်နှောင့်ယှက်မှုမရှိစေရန် ပြင်ဆင်ဆောင်ရွက်မှုများကို တင်ပြဆွေးနွေးခဲ့ပါသည်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကျင့်ဝတ်နှင့်အညီ ရေးသားခြင်းမရှိသည့် အွန်လိုင်းသတင်းဌာနများကို စုံစမ်းဖော်ထုတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ သတင်းပေးပို့လျက်ရှိကြောင်း ဆွေးနွေးသည်။ မကြာသေးခင်ကာလတွင် ပါလီမန်ရွေးကောက်ပွဲ ကျင်းပပြီးစီးခဲ့သည့် သီရိလင်္ကာနိုင်ငံ အတွေ့အကြုံများ၊ သင်ခန်းစာယူစရာများကိုလည်း ဆွေးနွေးကြပါသည်။

## ဦးဆောင်ဆွေးနွေးသူများ

- နိုင်ငံတကာမှ ဦးဆောင်ဆွေးနွေးသူ (၁)

  **Mr. Alex Warofka**

  Product Policy Manager for Human Rights at Facebook

- နိုင်ငံတကာမှ ဦးဆောင်ဆွေးနွေးသူ (၂)

  **Mr. Nalaka Gunawardene**

  Advisor to IMS (သီရိလင်္ကာနိုင်ငံ)

- ပြည်တွင်းမှ ဦးဆောင်ဆွေးနွေးသူ (၁)

  **ဒေါက်တာ ဇင်မာကျော်**

  ပါမောက္ခ/ဌာနမှူး၊ သတင်းအတတ်ပညာဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်

- ပြည်တွင်းမှ ဦးဆောင်ဆွေးနွေးသူ (၂)

  **ဒေါ်သင်းသင်းသာ**

  မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်

## ဆွေးနွေးပွဲညှိနှိုင်းရေးမှူး

**ဒေါ်ထိုက်ထိုက်အောင်**

ဖွံ့ဖြိုးရေးအတွက် မြန်မာ့အိုင်စီတီအဖွဲ့

နိုင်ငံတကာမှ ဦးဆောင်ဆွေးနွေးသူတစ်ဦးဖြစ်သည့် Mr. Alex Warofka, Product Policy Manager for Human Rights at Facebook က ဆွေးနွေးရာတွင် ၎င်းတို့အနေဖြင့် လာမည့် မြန်မာနိုင်ငံ အထွေထွေ ရွေးကောက်ပွဲကြီးတွင် လူမှုကွန်ရက် မီဒီယာများ၏ အခန်းကဏ္ဍ လွန်စွာအရေးပါသည်ကို မိမိတို့ အနေနှင့် အပြည့်အဝ နားလည်သဘောပေါက်ပါကြောင်း၊ လာမည့်ရွေးကောက်ပွဲအတွင်း Facebook ကိုအခြေခံသည့် အီလက်ထရောနစ် လှုပ်ရှားမှုများကိုလွန်စွာအသုံးပြုမည့်ပထမဦးဆုံးသော ရွေးကောက်ပွဲဖြစ်လာမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။


Mr. Alex Warofka

ပြည်တွင်းမှ ဦးဆောင်ဆွေးနွေးသူ တစ်ဦးဖြစ်သည့် ဒေါက်တာဇင်မာကျော်၊ ဌာနမှူး/ပါမောက္ခ သတင်းအတတ်ပညာဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်က ဆွေးနွေးရာတွင် ယနေ့ခေတ်သည် ဆိုရှယ်မီဒီယာခေတ်ဖြစ်ကြောင်း၊ ယနေ့ခေတ် လူငယ်များကို ဒီဂျစ်တယ်နိုင်ငံသားများဟုပင် တင်စားခေါ်ဝေါ်လျက်ရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ပထမဦးဆုံး ဆန္ဒမဲပေးမည့် လူငယ်များကို ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရာတွင် သတင်းသိရှိမှုဆိုင်ရာ ပညာရပ်သည် အင်မတန်မှ အရေးကြီးကြောင်း၊ လာမည့် ၂၀၂၀ ရွေးကောက်ပွဲသည် ပြီးခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲနှင့် များစွာပြောင်းလဲမှုရှိကြောင်း အထူးသဖြင့် ဆိုရှယ်မီဒီယာသုံးစွဲမှုနှင့်


ဒေါက်တာဇင်မာကျော်

နိုင်ငံရေးဆိုင်ရာ အချက်အလက်များကို ရယူရာတွင် များစွာပြောင်းလဲလာကြောင်း ဆွေးနွေးသွားပါသည်။

မကြာသေးခင်ကာလက ပါလီမန်ရွေးကောက်ပွဲကြီးကို အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့သည့် သီရိလင်္ကာနိုင်ငံမှ အတွေ့အကြုံများကို ပြန်လည်မျှဝေရာတွင် Mr. Nalaka Gunawardene, Advisor to IMS (သီရိလင်္ကာ) က ပြီးခဲ့သည့် ရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ဆက်စပ်ပြီး ထိန်းချုပ်ကန့်သတ်မှုများစွာရှိသည့်အတွက်ကြောင့် မဲဆွယ်စည်းရုံးမှုများကို အွန်လိုင်းပေါ်မှတဆင့် အဝေးရောက် လုပ်ဆောင်ခဲ့ရကြောင်း ကိုယ်စားလှယ်လောင်းများသည်လည်း သီရိလင်္ကာနိုင်ငံတွင် ရေပန်းအစားဆုံးနှင့် သုံးစွဲသူအများဆုံးဖြစ်သည့် Facebook, Instagram, Youtube လူမှုကွန်ရက်များကို အသုံးပြုပြီး မဲဆွယ်စည်းရုံးကြကြောင်း ဆွေးနွေးသွားပါသည်။

Facebook အနေဖြင့် လုပ်ဆောင်ခဲ့သော ကြိုတင်ပြင်ဆင်မှုများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲညှိနှိုင်းရေးမှူး၏ ဆွေးနွေးမှုကို ပြန်လည်ဖြေကြားဆွေးနွေးရာတွင် Mr. Alex Warofka က မိမိတို့အနေဖြင့် လုံလောက်သော ကြိုတင်ပြင်ဆင်မှုနှင့် အရင်းအမြစ်များရှိသည်ကို ယုံကြည်မှုအပြည့်အဝရှိကြောင်း၊ မိမိတို့၏ လူမှုကွန်ရက်ပေါ်ရှိ အချက်အလက်များကို စိစစ်ဖို့ရန် ကျွမ်းကျင်သူ ၁၂၀ ကျော်ဖြင့် လုပ်ဆောင်ကာ ရွေးကောက်ပွဲအတွက် ပြင်ဆင်ပါကြောင်း ပြန်လည်ဆွေးနွေးသွားပါသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်တစ်ဦးဖြစ်သည့် ဒေါ်သင်းသင်းက ဆွေးနွေးရာတွင် သတင်းမီဒီယာကောင်စီအနေဖြင့် ရွေးကောက်ပွဲနေ့တွင် ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များကို ထိထိရောက်



Mr. Nalaka Gunawardene

ရောက် လုပ်ဆောင်နိုင်ရန် မနက် ၈ နာရီမှ ည ၈ နာရီအထိ အဆင်သင့်ရှိနေမည်ဖြစ်ကြောင်း ရွေးကောက်ပွဲအတွင်း ဖြစ်ပေါ်လာသည့် အငြင်းပွားမှုများကို ၃ ရက်အတွင်း ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ကြောင်း၊ လုပ်ကြံသတင်း၊ သတင်းမှားများနှင့် ပတ်သက်၍လည်း လိုအပ်သည့် လုပ်ဆောင်ချက်များကို ၃ ရက်အတွင်း လုပ်ဆောင်ရန် ပြင်ဆင်လျက်ရှိကြောင်း ဆွေးနွေးသွားပါသည်။ သတင်းမီဒီယာကောင်စီအနေနှင့် Facebook နှင့် တွေ့ဆုံညှိနှိုင်းလုပ်ဆောင်ရန် ပြင်ဆင်ထားကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

Mr. Nalaka က သီရိလင်္ကာနိုင်ငံမှ သင်ယူစရာများကို ဖြည့်စွက်ဆွေးနွေးရာတွင် သတင်းကောင်းနှင့် သတင်းဆိုး နှစ်ခုရှိကြောင်း၊ မိမိတို့နိုင်ငံရှိ မဲဆွယ်စည်းရုံးမှုများတွင် ဆိုရှယ်မီဒီယာကို ကောင်းမွန်စွာ အကျိုးပြု သုံးစွဲမှုရှိကြောင်း၊ သို့ရာတွင် တချို့မသမာသူတွေအနေနှင့် ဆိုရှယ်မီဒီယာကို အများပြည်သူ အကျိုးယုတ်အောင် သုံးစွဲမှုများလည်း ရှိကြောင်း၊ မိမိအနေဖြင့် အကြံပြုလိုသည်မှာ မိမိတို့၏ အနေအထား အကျိုးအကြောင်းများကို ကောင်းမွန်စွာ



ဒေါ်သင်းသင်းသာ

လှည့်ဖျားသည့် သတင်းအချက်အလက်များကို ဖြန့်နေသော မီဒီယာများကို ထိရောက်စွာအရေးယူရန် သတင်းမီဒီယာကောင်စီ၏ လုပ်ဆောင်မှုကို မေးခွန်းထုတ်ရာတွင် ဒေါ်သင်းသင်းသာက သတင်းမီဒီယာကောင်စီတွင် တည်ဆဲဥပဒေများအရ လုပ်ပိုင်ခွင့်အကန့်အသတ်ရှိကြောင်း၊ မိမိတို့အနေဖြင့် ကျင့်ဝတ်နှင့်မညီသည့် သတင်းမီဒီယာများ၊ လုပ်ကြံသတင်း၊ သတင်းမှားများကို စစ်ဆေးခြင်း၊ စောင့်ကြည့်ခြင်း၊ အများသိအောင် ထုတ်ပြန်ကြေငြာခြင်း စသည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်လျက်ရှိပြီး ပြစ်ဒဏ်ပေးရန် အခွင့်အာဏာမရှိကြောင်း ပြန်လည်ပြောကြားသွားပါသည်။

သိရှိနားလည်ပြီး လုပ်ကြံသတင်း၊ သတင်းယောင်၊ သတင်းမှားများကို ကောင်းမွန်စွာ စောင့်ကြည့်နိုင်ရန်မှာ လွန်စွာအရေးကြီးကြောင်း၊ မိမိတို့အနေနှင့် နိုင်ငံတကာတွင် အသုံးပြုသည့် မူဘောင်များနှင့် International Foundation for Electoral System (IFES) အဖွဲ့၏ လမ်းညွှန်များကို မိမိတို့နှင့် ကိုက်ညီအောင် ဆီလျော်စွာ အသုံးပြုကြောင်း ဆွေးနွေးခဲ့ပါသည်။

နောက်မေးခွန်းတစ်ခုဖြစ်သည့် Facebook ၏ ၁၂၀ သော အချက်အလက်စိစစ်သူများတွင် တိုင်းရင်းသားများပါဝင်သည့် အခြေအနေကို မေးမြန်းရာတွင် Mr. Alex Warofka က မိမိတို့အနေဖြင့် မြန်မာဘာသာစကားအပြင် ရှမ်း၊ ကချင်၊ ကရင်နှင့် ကယား ဘာသာများကို အသုံးပြုပြီး အချက်အလက်များကို စိစစ်လျက်ရှိကြောင်း ပြန်လည်ဆွေးနွေးပါသည်။

ပြည်တွင်းနှင့် နိုင်ငံတကာဆွေးနွေးသူများသည် လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကြီး လွတ်လပ်စွာနှင့် တရားမျှတစွာ ကျင်းပနိုင်ရန်အတွက် ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းများဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ သတင်းမီဒီယာ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုကွန်ရက် မီဒီယာများ စသည်တို့အကြား ပူးပေါင်းမှုလိုအပ်ပါကြောင်း ဆွေးနွေးကြပါသည်။

တက်ရောက်သူများက မေးမြန်းသည့် မေးခွန်းတစ်ခုတွင် သတင်းအမှား၊ ကောလဟာလနှင့် လိမ်လည်



ဒေါ်ထိုက်ထိုက်အောင်

Mr. Nalaka က ဆိုရှယ်မီဒီယာရှိ လုပ်ကြံသတင်း၊ သတင်းမှားများကို လျင်မြန်စွာတုံ့ပြန်ဖို့ရန် အရေးကြီးကြောင်း၊ မိမိတို့၏ လုပ်ကြံသတင်း၊ သတင်းမှား၊ အမုန်းစကားများကို တန်ပြန်တိုက်ဖျက်သည့် လုပ်ငန်းများသည် ရွေးကောက်ပွဲနေ့တွင် ပြီးဆုံးသွားခြင်း မဟုတ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် သတင်းမှားများတွင် နိုင်ငံရေးဆိုင်ရာ အကဲဆတ်သည့် အချက်အလက်များပါဝင်ကြောင်း၊ လူနည်းစုများကို ဦးတည်သည့် အမုန်းစကားများလည်း ရှိကြောင်း လုပ်ကြံသတင်း၊ သတင်းမှားများကို ဆက်လက် တုံ့ပြန်နေရကြောင်း ဆွေးနွေးခဲ့ပါသည်။

## ဆွေးနွေးပွဲ (၄) အနှစ်ချုပ်

- မြန်မာနိုင်ငံ၏ လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကြီးသည် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုများကြားတွင် ကျင်းပမည်ဖြစ်ရာ Facebook အနေဖြင့် ရွေးကောက်ပွဲကြီးအတွင်း ပြည်တွင်း ပြည်ပမှ ဝင်ရောက်နှောင့်ယှက်မှုများမရှိစေရန် ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။

- ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှစ၍ Facebook အနေဖြင့် နိုင်ငံရေးကြော်ငြာများနှင့် ပတ်သက်သည့် ပွင့်လင်းမြင်သာမှုကို ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။ နိုင်ငံရေးနှင့် ပတ်သက်သည့် ကြော်ငြာများကို Ad Library တွင် ၇ နှစ်ကြာ ထိန်းသိမ်းထားမည်ဖြစ်ပြီး မည်သူက ကြော်ငြာအတွက် ပေးချေခဲ့သည်ကိုလည်း ဖော်ပြမည်ဖြစ်သည်။

- Facebook အနေဖြင့် ပြည်တွင်းလုပ်ဖော်ကိုင်ဖက်များနှင့် လက်တွဲပြီး Remove, Reduce, Educate စသည့် ချဉ်းကပ်မှုဖြင့် လုပ်ကြံသတင်း၊ သတင်းမှားများနှင့် အမုန်းစကားများကို တန်ပြန် တိုက်ခိုက်လျက်ရှိသည်။

- မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် လုပ်ကြံသတင်း၊ သတင်းမှားများ ဖြန့်ဝေသည့် ဒီဂျစ်တယ်အခြေပြု မီဒီယာ ၁၀၉ ခုကို စုံစမ်းဖော်ထုတ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနဖြစ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့သော်လည်း ပြန်လည်ဖြေကြားခြင်းမရှိသေးပါ။

- မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် Facebook နှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းမှုများရှိသော်လည်း ကိုဗစ် ၁၉ ကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။

- သီရိလင်္ကာနိုင်ငံတွင် ရွေးကောက်ပွဲကာလအတွင်း နိုင်ငံရေးနှင့်ပတ်သက်သည့် လုပ်ကြံသတင်း၊ သတင်းမှားများကို တန်ပြန်တိုက်ခိုက်ရန်အတွက် Network Against Dis-information ဆိုသည့် ကွန်ရက်တစ်ခုကို ထူထောင်ပြီး တန်ပြန် လုပ်ဆောင်သည်။

# ဆွေးနွေးပွဲ (၅) တိုင်းရင်းသားဒေသ၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းများ၊ စိန်ခေါ်မှုများနှင့် ဖြေရှင်းခဲ့မှုများ

တိုင်းရင်းသားဒေသ၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းများ၊ စိန်ခေါ်မှုများနှင့် ဖြေရှင်းခဲ့မှုများအစီအစဉ်တွင် မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေစိုက်သည့် သတင်းသမားများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများ၊ ပြဿနာများနှင့် ဖြေရှင်းခဲ့မှုများကို ဆွေးနွေးကြပါသည်။ ဆွေးနွေးမှုတိုင်းတွင် ဖြစ်နိုင်ခြေရှိသည့် အဖြေရှာရင်းဆွေးနွေးကြပါသည်။

ဦးဆောင်ဆွေးနွေးသူတိုင်း သဘောတူညီကြသည့် အချက်တစ်ချက်မှာ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အာဏာပိုင်အဖွဲ့အစည်းများက သတင်းသမားများ၏ သတင်းရယူပိုင်ခွင့်နှင့် သူတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံရေးကို သေချာအောင် လုပ်ဆောင်ပေးရန်ဆိုသည့် အချက်ဖြစ်သည်။

ရွေးကောက်ပွဲသတင်းရယူရာတွင် ယခင်တွေ့ကြုံခဲ့ရသော အခြေအနေများအပေါ်တွင် သင်ခန်းစာယူစရာအနေဖြင့် တည်ဆဲဥပဒေများကို နားလည်ခြင်းနှင့် မိမိတို့၏ ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်သည့် အခြေအနေများ၏ အရိပ်အကဲကို နားလည်သဘောပေါက်ဖို့ရန် အရေးကြီးကြောင်းကိုလည်း ဆွေးနွေးကြသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် တိုင်းရင်းသားဒေသများရှိ သတင်းမီဒီယာသမားများအနေဖြင့် ရွေးကောက်ပွဲသတင်းများကို ရေးသားတင်ဆက်ရာတွင် ကျင့်ဝတ်နှင့်အညီ မျှတစွာနှင့် တိကျစွာ လုပ်ဆောင်ရန် အရေးကြီးကြောင်း ထိုကဲ့သို့ လုပ်ဆောင်နိုင်ရန် အတွက် သတင်းမီဒီယာများ၏ စွမ်းဆောင်ရည်များ မြှင့်တင်သည့် အစီအစဉ်များ ယင်းနေရာများအထိ ရောက်ရှိရန် အရေးကြီးကြောင်းကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

ထိုသို့ သင်တန်းများပို့ချရာတွင်လည်း ရန်ကုန်မြို့ကြီးတွင်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စီစဉ်ဆောင်ရွက်ရန် အရေးကြီးကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါအပါအဝင် စိန်ခေါ်မှုများစွာရင်ဆိုင်နေရသည့် တိုင်းဒေသကြီးပြည်နယ်နှင့် တိုင်းရင်းသားဒေသ အခြေစိုက် သတင်းမီဒီယာများ လာမည့်ရွေးကောက်ပွဲတွင် အပြည့်အဝ သတင်းရေးသားတင်ဆက်နိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် အခြား ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေဖြင့် ရန်ပုံငွေနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများ လုပ်ဆောင်သင့်ကြောင်းကိုလည်း ဆွေးနွေးကြသည်။

နောက်ထပ် အရေးကြီးသည့်ဆွေးနွေးမှုမှာ ရခိုင်ပြည်နယ်အတွင်း အင်တာနက်ပြန်လည်ရရှိရန် အစိုးရမှ စီစဉ်ဆောင်ရွက်နိုင်ရန်ဖြစ်ပြီး၊ ထိုသို့ဆောင်ရွက်မှသာလျှင် ရခိုင်ပြည်နယ်ရှိ မဲဆန္ဒရှင်ပြည်သူများသည် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကိုရရှိပြီး ဆန္ဒမဲ ပေးနိုင်မည်ဖြစ်ကြောင်းလည်း ဆွေးနွေးကြပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ကို အကြောင်းပြုပြီး သတင်းမီဒီယာသမားများ၏ သတင်းရယူပိုင်ခွင့်ဆိုင်ရာ စိန်ခေါ်မှုမရှိစေရန် အရေးကြီးကြောင်းကိုလည်း ဆွေးနွေးကြပါသည်။

## ဦးဆောင်ဆွေးနွေးသူများ

- ပြည်တွင်းမှ ဦးဆောင်ဆွေးနွေးသူ (၁)

  **ဦးခိုင်မြတ်ကျော်**

  မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်

- ပြည်တွင်းမှ ဦးဆောင်ဆွေးနွေးသူ (၂)
  **ဆလိုင်းကောင်းမြတ်မင်း**
  မြေလတ် ဂျာနယ်လစ် ကွန်ရက်

- ပြည်တွင်းမှ ဦးဆောင်ဆွေးနွေးသူ (၃)
  **ဦးကောင်းမြတ်နိုင်**
  အလွတ်တန်း သတင်းထောက်

- ပြည်တွင်းမှ ဦးဆောင်ဆွေးနွေးသူ (၄)
  **ဦးဘရန်မိုင်**
  မြစ်ကြီးနားဂျာနယ် အမှုဆောင်အရာရှိ


ဦးခိုင်မြတ်ကျော်

## ဆွေးနွေးပွဲညှိနှိုင်းရေးမှူး

**ဒေါ်နန်းဖော့ဂေ**
မြန်မာနိုင်ငံတကာသတင်းအဖွဲ့

ဤအစီအစဉ်မှ ဆွေးနွေးမှုများသည် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် တိုင်းရင်းသား ဒေသများကို အခြေစိုက်သည့် သတင်းမီဒီယာများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို မီးမောင်းထိုးပြသည့် ဆွေးနွေးမှုများဖြစ်သည်။ ထင်သာမြင်သာအရှိဆုံးနှင့် လတ်တလော အကြီးမားဆုံးစိန်ခေါ်မှုအဖြစ် ကိုဗစ်-၁၉ ရောဂါ ပြန့်နှံ့မှုအကြောင်းကို ဦးဆောင်ဆွေးနွေးသူတိုင်း လက်ခံဆွေးနွေးကြသည်။ သို့ရာတွင် ရွေးကောက်ပွဲကျင်းပရန် နီးကပ်သည့်အချိန်တွင် ကိုဗစ်-၁၉ ရောဂါ၏ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုမှာ ဒေသအလိုက် ကွဲပြားခြားနားကြောင်းလည်း ဆွေးနွေးကြပါသည်။


ဒေါ်နန်းဖော့ဂေ

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အဖွဲ့ဝင်တစ်ဦးလည်းဖြစ် ရခိုင်အခြေစိုက် သတင်းမီဒီယာသမားလည်းဖြစ်သည့် ဦးခိုင်မြတ်ကျော်မှ လက်ရှိ ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုနှင့် အခက်အခဲများ၊ အထူးသဖြင့် နယ်မြေဒေသ မတည်ငြိမ်မှုနှင့် ရွေးကောက်ပွဲကျင်းပခါနီးအချိန်တွင် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်သော ကိုဗစ်-၁၉နှင့် ဆက်စပ်သည့် စိန်ခေါ်မှုများကို အလေးထား ဆွေးနွေးသွားပါသည်။ လက်ရှိရခိုင်ပြည်နယ်တွင် စိန်ခေါ်မှုပေါင်းစုံ ရင်ဆိုင်နေရပါကြောင်း၊ လက်နက်ကိုင် ပဋိပက္ခနှင့် လက်တလော ကူးစက်နှုန်း မြန်ဆန်မြင့်မားသည့် ကိုဗစ်-၁၉ ရောဂါအပြင်၊ အင်တာနက် ပိတ်ဆို့မှုကလည်း ကြီးမားသော စိန်ခေါ်မှုဖြစ်ကြောင်း ဆွေးနွေးပြောကြားသွားပါသည်။



ဦးဘရန်မိုင်



ဦးကောင်းမြတ်နိုင်

ကချင်ပြည်နယ်အခြေစိုက် မြစ်ကြီးနားဂျာနယ်၏ အမှုဆောင် အရာရှိချုပ်ဖြစ်သည့် ဦးဘရန်မိုင်က လည်း ယခင်ရွေးကောက်ပွဲများတွင် ကြုံတွေ့နေရ သည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဆွေးနွေး သွားပါသည်။ ၂၀၁၅ ရွေးကောက်ပွဲသတင်း ရယူစဉ် ကဆိုလျှင် အထူးတပ်ဖွဲ့က စောင့်ကြည့်လိုက်လာ ခဲ့ကြောင်း၊ စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုစသည့် စိန်ခေါ် မှုများကို ရင်ဆိုင်နေရကြောင်း၊ ထိုသို့သော ဖြစ်စဉ် များက လွတ်လပ်စွာ သတင်းရယူခွင့်ကို အဟန့် အတားဖြစ်စေကြောင်း၊ ကချင်ပြည်နယ်တွင်လည်း ကိုဗစ်-၁၉ ရောဂါ စိန်ခေါ်မှုကြောင့် သတင်းမီဒီယာ သမားများ အလုပ်လက်မဲ့ဖြစ်နေကြကြောင်း စသည် ဖြင့် လက်ရှိရင်ဆိုင်ရသော အခက်အခဲများနှင့် စိန်ခေါ် မှုများကို ဆွေးနွေးခဲ့ပါသည်။

ရခိုင်ပြည်နယ်မှ သတင်းမီဒီယာသမားများ ဖြစ်ကြ သည့် ဦးခိုင်မြတ်ကျော်နှင့် ဦးကောင်းမြတ်နိုင်တို့၏ ဆွေးနွေးမှုများသည်လည်း ရခိုင်ပြည်နယ်တွင် လက် ရှိရင်ဆိုင်နေရသည့် ပြဿနာစိန်ခေါ်မှုနှင့် အခက် အခဲများကို ထင်ဟပ်စေပါသည်။ ရခိုင်ပြည်နယ်ရှိ သတင်းမီဒီယာသမားများအနေဖြင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ရခိုင့် တပ်မတော် (Arakan Army)နှင့် ပတ်သက်သည့် ဓာတ်ပုံ၊ သတင်း၊ အီးမေးလ်စသည်များကို ဖုန်းထဲ တွင် တွေ့ရရုံဖြင့် အဖမ်းခံရနိုင်ကြောင်း ဆွေးနွေး ထောက်ပြကြပါသည်။

မြေလတ်ဂျာနယ်လစ်ကွန်ရက်မှ ဆလိုင်းကောင်း မြတ်မင်းက သူတို့ဒေသတွင် ကြုံတွေ့နေရသည့် စိုးရိမ်ပူပန်မှုများကို ဆွေးနွေးခဲ့ပါသည်။ မိမိတို့ တိုင်း ဒေသကြီးတွင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ၆ ဦး သာရှိကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် လုပ်ကြံသတင်း၊သတင်းမှားများ ပေါ်ပေါက်လာပါက လျင်မြန်စွာ အချက်အလက်များ စစ်ဆေးရာတွင် အခက်အခဲရှိကြောင်း၊ ထို့အပြင် သတင်းမီဒီယာလုပ် ငန်းကို လုပ်ဆောင်ဖို့ရန် သတင်းထောက် ခန့်အပ်ရန် ခက်ခဲသည့် အနေအထားများရှိကြောင်း ဆွေးနွေးခဲ့ ပါသည်။

အင်တာနက် ပိတ်ဆို့မှုအပြင် နောက်ထပ် စိန်ခေါ်မှု ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသည့် ပြဿနာများ ကို ပြောကြားရာတွင် လျှပ်စစ်မီးမရရှိသည့် အခြေ အနေမှာလည်း ကြီးမားသည့် စိန်ခေါ်မှုဖြစ်ကြောင်း

ဦးခိုင်မြတ်ကျော်နှင့် ဦးကောင်းမြတ်နိုင်တို့ ဆွေးနွေးမှုကို တခြား ဦးဆောင်ဆွေးနွေးသူများကလည်း ထောက်ခံဆွေးနွေးကြပါသည်။

တိုင်းဒေသကြီး၊ပြည်နယ်များနှင့်တိုင်းရင်းသားဒေသများတွင် ရွေးကောက်ပွဲသတင်း ရေးသားတင်ဆက်မှုနှင့် သက်ဆိုင်သည့် စိန်ခေါ်မှုများအတွက် အဖြေရှာဆွေးနွေးကြရာတွင် ပတ်သက်သူများ အလုံးစုံပါဝင်သည့် စွမ်းဆောင်ရည်မြှင့်တင်သည့် သင်တန်းများ လုပ်ဆောင်သင့်ကြောင်း၊ အဆိုပါ သင်တန်းများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သည့် အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ၊ တာဝန်ကျသည့် ပြည်သူ့ဝန်ထမ်းများ ပါဝင်သင့်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် တစ်နေရာတည်းတွင် အလုံးစုံ လုပ်ဆောင်နိုင်မည့် One stop service ပုံစံကဲ့သို့ လုပ်ဆောင်ရန် ကြိုးစားစီစဉ်လျက်ရှိကြောင်း ဦးဘရန်မိုင်မှ ဆွေးနွေးပြောကြားသွားပါသည်။

ဦးဆောင်ဆွေးနွေးသူများအားလုံး သဘောတူဆွေးနွေးသည့် အချက်တစ်ချက်မှာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အနေဖြင့် သတင်းမီဒီယာများကို ရန်ပုံငွေနှင့် နည်းပညာအထောက်အပံ့များပေးနိုင်ရန် စီစဉ်ဆောင်ရွက်သင့်ကြောင်း ဆိုသည့်အချက်ဖြစ်သည်။

ဆလိုင်းကောင်းမြတ်မင်းက ဆွေးနွေးရာတွင် အမျိုးသမီးသတင်းထောက်များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း မိမိ၏ အတွေ့အကြုံများကို အခြေခံ၍ ဆွေးနွေးပြောကြားသွားရာ မိမိတို့စီစဉ်သည့် သင်တန်းများ တက်ရောက်သည့် အမျိုးသမီးများသည် လက်တွေ့သတင်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် လေးစားစရာကောင်းအောင် လုပ်ဆောင်နိုင်ကြကြောင်း ဆွေးနွေးခဲ့ပါသည်။


ဆလိုင်းကောင်းမြတ်မင်း

ရခိုင်ပြည်နယ်တွင် အင်တာနက်ပိတ်ဆို့မှုက ရွေးကောက်ပွဲအပေါ် အကျိုးသက်ရောက်မှုအကြောင်း မေးခွန်းကို တက်ရောက်သူတစ်ဦး မေးမြန်းရာတွင် ဦးခိုင်မြတ်ကျော်က အစိုးရက အင်တာနက်ပိတ်ဆို့မှုကို ပြန်လည်ဖွင့်ပေးခြင်း မပြုခဲ့လျှင် မိမိအနေနှင့် ရွေးကောက်ပွဲကို လွတ်လပ်၊ မျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲဖြစ်လာမည်လို့ မယူဆကြောင်း ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ပါသည်။

## ဆွေးနွေးပွဲ (၅) အနှစ်ချုပ်

- တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် တိုင်းရင်းသားဒေသများတွင် ရွေးကောက်ပွဲသတင်း ရယူရေးသားသည့်ကိစ္စများတွင် နေရာဒေသအလိုက် ကွဲပြားမှုရှိသည်။
- ရခိုင်ပြည်နယ်ရှိ မြို့နယ် ၆ ခုတွင် စစ်ဘေးရှောင်သည့် ပြည်သူ ၃၀,၀၀၀ ကျော်က မဲစာရင်း စစ်ဆေးနိုင်ခြင်းမရှိပေ။

- ကချင်ပြည်နယ်တွင် ရွေးကောက်ပွဲအတွင်း လွတ်လပ်စွာသတင်းရယူခွင့်သည် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးမှု ဖြစ်စဉ်များနှင့် ဆက်စပ်မှုရှိသည်။
- ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်သတင်းမီဒီယာသမားများ အလုပ်လက်မဲ့ဖြစ်သွားရသည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းမီဒီယာသမားများကို စိန်ခေါ်လျက်ရှိသည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ (ကိုဗစ်-၁၉၊ လက်နက်ကိုင်အဖွဲ့အစည်းများ) လျော့နည်းသွားအောင် ကြိုတင် ပြင်ဆင်မှုများ လုပ်ဆောင်သင့်သည်။
- ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် သတင်းတု၊ သတင်းမှားများကို တန်ပြန်ရန်အတွက် လုပ်ငန်းယန္တရားတစ်ခု တည်ဆောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွေးကောက်ပွဲ ကော်မရှင်များအနေဖြင့် ဒေသတွင်းရှိ သတင်းထောက်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်။

# ၄။ အကြံပြုချက်များကို ပြန်လည်တင်ပြခြင်း

## ၄ (က) ဆွေးနွေးပွဲ (၁) မှ အကြံပြုချက်များ

**ဒေါ်လှလှဌေး** မှ အစီအစဉ် (၁) ရွေးကောက်ပွဲတွင် မီဒီယာ၏ အခန်းကဏ္ဍ - ၂၀၁၀၊ ၂၀၁၅ နှင့် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲများမှ နှိုင်းယှဉ်ချက်နှင့် ရရှိခဲ့သောသင်ခန်းစာများ အစီအစဉ်မှ အကြံပြုချက်များကို ပြန်လည်တင်ပြပါသည်။

၁။ ကိုဗစ်ကာလအတွင်းမှာ ရွေးကောက်ပွဲကျင်းပတဲ့နိုင်ငံတွေကို အတုယူပြီးတော့ မဲရုံစံနှုန်းသတ်မှတ်ချက်တွေ မဲဆွယ်ကာလ သတ်မှတ်ချက်တွေကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆွေးနွေးပြီးတော့ မကြာခင်ထုတ်ပြန်သွားဖို့ရှိပါကြောင်း ပြောကြားသွားပါသည်။

၂။ သတင်းသမားတွေ၊ မဲဆန္ဒရှင်စောင့်ကြည့်လေ့လာမည့်သူတွေရဲ့ လုံခြုံရေးကို ပြည်ထဲရေးက အဓိကတာဝန်ယူမယ်လို့ ပြောကြားသွားတဲ့အချက်တွေရှိတာမို့ ဒီလိုလူတွေရဲ့ လုံခြုံရေးကို အဓိက တာဝန်ယူပေးဖို့လိုကြောင်း နိုင်ငံတကာ ပညာရှင်တွေက ထောက်ပြဆွေးနွေးထားပါသည်။

၃။ သတင်းမီဒီယာကောင်စီအနေနဲ့ ရွေးကောက်ပွဲအတွင်း ပြဿနာတွေကို သုံးရက်အတွင်း ဖြေရှင်းနိုင်ဖို့ UEC နှင့် ပူးပေါင်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသွားပါသည်။ ဒါ့အပြင် သတင်းသမားတွေအနေနဲ့ လုပ်ကြံသတင်း၊ သတင်းမှားတွေ၊ အချက်အလက်တွေ အမြန်ဆုံးစိစစ်ပြီးတော့ ဆောင်ရွက်သွားဖို့ လိုကြောင်း ပြောကြားသွားသည်။

၄။ Free and Fair election ကို သတင်းစောင့်ကြည့်ရယူနိုင်ဖို့ မိမိမှာ ကျရောက်လာနိုင်တဲ့

အန္တရာယ်တွေကိုလည်း သတိပြုပြီး အထူးသဖြင့် ပဋိပက္ခဒေသတွေမှာ သွားရောက်သတင်းယူကြမည့် သတင်းသမားတွေအနေနဲ့ အချင်းချင်းတွေလည်း ရွေးကောက်ပွဲကာလမှာ ဆက်သွယ်မှုတွေ မပြတ်ရှိပြီးတော့ အစစအရာရာ အမြဲသတိရှိဖို့လိုကြောင်း ပြောကြားသွားပါသည်။

## ၄ (ခ) ဆွေးနွေးပွဲ (၂) မှ အကြံပြုချက်များ

**ဦးတိုးဇော်လတ်** မှ အစီအစဉ်(၂) ရွေးကောက်ပွဲများနှင့် သတင်းထောက်များ၏ ဘေးကင်းလုံခြုံရေး အစီအစဉ်မှ အကြံပြုချက်များကို ပြန်လည်တင်ပြပါသည်။

၁။ တစ်ခုကတော့ အာဏာပိုင်တွေ အထူးသဖြင့် လုံခြုံရေးရဲတပ်ဖွဲ့အာဏာပိုင်တွေ နောက်တစ်ခုကတော့ သတင်းမီဒီယာသမားတွေ၊ နောက် သတင်းမီဒီယာသမားတွေပါဝင်တဲ့ သတင်းမီဒီယာကောင်စီ၊ ရွေးကောက်ပွဲကော်မရှင်တို့ပါ ပါဝင်တဲ့ Joint Task Force ပေါ့နော်။ ပူးပေါင်းဆောင်ရွက်နိုင်တဲ့၊ တိကျမှန်ကန် မြန်ဆန်ပြီး သတင်းတွေထုတ်ပေးနိုင်တဲ့ ရွေးကောက်ပွဲဆိုင်ရာ Joint Task Force တစ်ခု တိုက်တွန်းဖော်ဆောင်သွားဖို့ကိုတော့ တကယ်ကို လေးလေးနက်နက် မေတ္တာရပ်ခံခဲ့ကြပါတယ်။

၂။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (Myanmar Press Council) ကနေ ၂၀၁၅ ထုတ်ထားတဲ့ SOP လို့ခေါ်တဲ့ Standard Operating Procedure ကို ရွေးကောက်ပွဲကာလမှာ နောက်ထပ်လုံခြုံရေးဆိုင်ရာ အချက်အလက်တွေကို ထပ်မံထည့်သွင်းပြီးတော့ သတင်းထောက်တွေလက်ထဲကိုကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိဖို့ အဲလိုပဲ အာဏာပိုင်တွေ လက်ထဲ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိအောင် ဆောင်ရွက်သွားဖို့ကိုလည်း တိုက်တွန်းနှိုးဆော်ထားပါသည်။

၃။ အထူးသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနှင့် သတင်းထောက်တွေအနေနှင့် သတင်းထောက်ဖြစ်ကြောင်း ထင်ရှားတဲ့ အမှတ်အသား ဥပမာ မီဒီယာကတ်ပြားတွေ ချိတ်ဆွဲတာတို့၊ Press ဆိုတဲ့ မြင်သာထင်သာရှိတဲ့ အမှတ်အသားတွေကို ရွေးကောက်ပွဲကာလအတွင်း ထင်ထင်ရှားရှား ဖော်ပြထားဖို့ သူတို့အနေနှင့် တင်ပြသွားပါတယ်။

၄။ သတင်းမီဒီယာသမားတွေလည်း အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့တွေလည်း ပြည်သူ့ရဲတပ်ဖွဲ့ရယ်၊ နောက် ရွေးကောက်ပွဲမှာ ထပ်မံချထားမယ့် အထူးရဲတပ်ဖွဲ့တွေကြားထဲမှာ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်လုပ်ငန်းအရ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အလုပ်တစ်ခုကို ဘယ်လိုမျိုးများ အဖြေရှာမလဲဆိုပြီးတော့ ဒီလေးချက်ကို တိတိကျကျ အဆိုပြုသွားပါတယ်။

## ၄ (ဂ) ဆွေးနွေးပွဲ (၃) မှ အကြံပြုချက်များ

**ဦးမြင့်ကျော်** မှ အစီအစဉ် (၃) ရွေးကောက်ပွဲကာလများအတွင်း မီဒီယာများ၏ ကျင့်ဝတ်ဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများနှင့် စည်းစောင့်မှု အစီအစဉ်မှ အကြံပြုချက်များကို ပြန်လည်တင်ပြပါသည်။

၁။ သတင်းမီဒီယာရဲ့ ဩဇာရှိလာရန်အတွက် သတင်းမီဒီယာများကိုယ်တိုင် မိမိတို့ရဲ့ ကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာဖို့ လိုအပ်သလို သတင်းဖော်ပြမှုများနှင့် ပတ်သက်ပြီး သတင်းမီဒီယာကောင်စီမှလွဲပြီး တခြားမည်သည့် အာဏာပိုင်အဖွဲ့အစည်းကမျှဝင်ရောက်စွက်ဖက်ခြင်း မလုပ်သင့်ပါ။

၂။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ရဲ တပ်ဖွဲ့ကြားမှာ သတင်းသမားတွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်မှုများ ရှိသင့်ပါသည်။ အင်ဒိုနီးရှားနိုင်ငံရဲ့ သတင်းမီဒီယာကောင်စီနှင့် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုအတွေ့အကြုံကို နမူနာယူကာ၊ မြန်မာနိုင်ငံအခြေအနေနဲ့ ကိုက်ညီသောအနေအထားဖြင့် ဖော်ဆောင်ရန်အတွက် သက်ဆိုင်သော အဖွဲ့အစည်းများကို တိုက်တွန်းသည်။

၃။ ရွေးကောက်ပွဲ သတင်းဖော်ပြမှုများနှင့် ပတ်သက်သော တိုင်ကြားမှုများကို မြန်ဆန်စွာ ကိုင်တွယ်ဖြေရှင်းသည့် စနစ်တစ်ရပ် တည်ဆောက်ထားရှိရန်နှင့် ၎င်းစနစ်ရှိနေကြောင်းကိုလည်း အများပြည်သူသိရှိအောင် ကျယ်ပြန့်စွာ အသိပေးသင့်သည်။

၄။ အွန်လိုင်းမီဒီယာပလက်ဖောင်းတွင်ရှိသော သတင်းမီဒီယာများအတွက် သီးသန့် အထူးပြုစုထားတဲ့ ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ပြုစုသင့်သည်။

## ၄ (ဃ) ဆွေးနွေးပွဲ (၄) မှ အကြံပြုချက်များ

**ဒေါ်ထိုက်ထိုက်အောင်** မှ အစီအစဉ် (၄) ဆိုရှယ်မီဒီယာခေတ်အတွင်းမှ ရွေးကောက်ပွဲများ အစီအစဉ်မှ အကြံပြုချက်များကို ပြန်လည်တင်ပြပါသည်။

၁။ ပထမအကြံပြုချက်ကတော့ UEC အနေနှင့် လက်ရှိ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ နည်းဥပဒေတွေက လူမှုကွန်ရက်ပေါ်မှာ မည်ကဲ့သို့ သက်ရောက်မှုတွေရှိနေတယ်ဆိုတဲ့ဟာကို ရှင်းရှင်းလင်းလင်းဖော်ပြပေးဖို့ လိုအပ်ပါတယ်။ ဥပမာ ကိုယ်စားလှယ်တွေအနေနှင့် ရွေးကောက်ပွဲကာလမတိုင်ခင်မှာ လူမှုကွန်ရက်တွေပေါ်မှာ မဲဆွယ်နေတဲ့ဟာတွေက တရားဝင်လား တရားမဝင်လားဆိုတဲ့ဟာတွေ၊ Facebook ကိုသုံးပြီးတော့ မဲဆွယ်တဲ့ အခါမှာ သုံးတဲ့ အသုံးစရိတ်တွေကရော မဲဆွယ်အသုံးစရိတ်ထဲမှာ ပါမှာလားဆိုတဲ့ အချက်တွေ သေသေချာချာ ရှင်းရှင်းလင်းလင်း သိဖို့လိုပါတယ်။

၂။ ဒုတိယအချက်ကတော့ ရွေးကောက်ပွဲအတွင်း ဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်ရှိတဲ့ လုပ်ကြံသတင်း၊ သတင်းမှားတွေကို မည်ကဲ့သို့ တုံ့ပြန်မလဲဆိုတာကို UEC အနေနှင့် အရေးပေါ်ဗျူဟာ ကောင်းကောင်းရှိဖို့လိုပါတယ်။ UEC အနေနှင့် ဆိုလို့ရှိရင်လည်း မြို့နယ်အဆင့် UEC အဆင့်ထိ ဒီသတင်းတွေကို တုံ့ပြန်ဖို့အတွက် စွမ်းရည်တွေ တုံ့ပြန်နိုင်တဲ့

အခြေအနေတွေရှိဖို့ လိုအပ်ပါတယ်။ နောက်တစ်ခုအနေနဲ့ UEC အနေနဲ့ မြန်မာနိုင်ငံမှာ လက်ရှိတည်ရှိနေတဲ့ သတင်းစိစစ်တဲ့ အဖွဲ့တွေနဲ့ရော မည်ကဲ့သို့ လက်တွဲဆောင်ရွက်မလဲဆိုတဲ့ အပိုင်းတွေကိုလည်း သေသေချာချာ ရှင်းရှင်းလင်းလင်းရှိဖို့လိုအပ်ပါတယ်။

၃။ တတိယအချက်က Facebook အနေနှင့် သက်ဆိုင်ရာ အစိုးရပါတီတွေ အဖွဲ့တွေ ကိုယ်စားလှယ်တွေ စသဖြင့် သူတို့ရဲ Face-book page တွေကို Profile တွေကို Blue Mark လေးပေးဖို့ လိုပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ မြန်မာနိုင်ငံမှာ လုပ်ကြံသတင်း၊ သတင်းမှားတွေက များသောအားဖြင့် Facebook page/ Facebook profile တွေကနေ ပျံ့နှံ့လွယ်တာဖြစ်တဲ့အတွက် တကယ့်ကို အစိုးရအဖွဲ့တွေ၊ ပါတီတွေရဲ့ page တွေ၊ ကိုယ်စားလှယ်တွေရဲ့ page တွေကို လူတွေအနေနဲ့ သေသေချာချာ သိဖို့အတွက် verify လုပ်ပေးဖို့ လိုပါတယ်။

၄။ စတုတ္ထအချက်က Facebook အနေနှင့် မဲဆွယ်ကာလမတိုင်ခင် အွန်လိုင်းပေါ်မှာ မဲဆွယ်ပြုလုပ်မယ့် ပါတီတွေ ကိုယ်စားလှယ်တွေအနေနဲ့လည်း ဒီ Facebook ရဲ့ poli-tical and election ads system ထဲကို မဲဆွယ်ကာလ မတိုင်ခင်မှာ မှတ်ပုံတင်ပြုလုပ်ဖို့အတွက် ပံပိုးပေးဖို့လိုပါတယ်။

၅။ နောက်ဆုံးအချက်ကကျတော့ Facebook အနေနှင့် UEC တို့ နိုင်ငံရေးပါတီအပါအဝင် တခြား အစိုးရဌာနတွေနှင့် ပူးပေါင်းဆောင်ရွက်နေတဲ့ အချက်တွေကို မီဒီယာတို့ဘာတို့ ရှင်းရှင်းလင်းလင်း သိဖို့အတွက် ချပြပေးဖို့ လိုအပ်ပါတယ်။

# ၄ (င) ဆွေးနွေးပွဲ (၅) မှ အကြံပြုချက်များ

**ဒေါ်နန်းဖော့ဂေ** မှ အစီအစဉ် (၅) တိုင်းရင်းသားဒေသ၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းများ၊ စိန်ခေါ်မှုများနှင့် ဖြေရှင်းခဲ့မှုများ အစီအစဉ်မှ အကြံပြုချက်များကို ပြန်လည်တင်ပြပါသည်။

ကျွန်မတို့ တော်တော်များများ ဆွေးနွေးထားတာရှိတယ်။ အနှစ်ချုပ်ဆွဲထုတ်ရရင် အထူးသဖြင့်

၁။ နံပါတ် ၁ အချက်က။ အမျိုးသမီး panelist တွေပေါ့။ ဒီရွေးကောက်ပွဲကာလမှာဆိုရင်လည်း gender balance ဖြစ်အောင် source တွေလည်းရှိတဲ့အခါကျတော့ အမျိုးသမီးဂျာနယ်လစ်တွေကို promote လုပ်ဖို့အပိုင်း ဆွေးနွေးတာရှိတယ်။

၂။ နောက်တစ်ခုက ကိုဗစ်-၁၉ က ရွေးကောက်ပွဲကာလ ပြီးသွားတဲ့အထိ ရှိနေဦးမှာဖြစ်တဲ့အတွက် ဒီစိန်ခေါ်မှုကြားမှာ သတင်းထောက်တွေ သတင်းရယူရေးအပိုင်းကို ဝန်းရံပေးဖို့ပေါ့နော်။ ပံ့ပိုးမှုအပိုင်းကျရင်လည်း သက်ဆိုင်ရာ Press Council ကဖြစ်စေ သက်ဆိုင်ရာ အစိုးရပိုင်းကဖြစ်စေ INGO/NGO ကဖြစ်စေမီဒီယာသမားတွေကိုဝန်းရံပံ့ပိုးဖို့အတွက် ဆွေးနွေးခဲ့တာရှိပါတယ်။

၃။ နောက်တစ်ချက်က အင်တာနက်ဖြတ်တဲ့ အခြေအနေ။ သတင်းသမားတွေ သတင်းရယူမှု အပိုင်းမှာဆိုလို့ရှိရင်လည်း အင်တာနက်က အရမ်းအခက်အခဲရှိတယ်ဆိုတော့ ခုနက ဆွေးနွေးတဲ့အထဲမှာဆိုရင် ရခိုင်တို့ ချင်းတို့ဒေသမှာ ဖြစ်တယ်ဆိုပေမယ့်လည်း တစ်ချို့ဒေသမှာလည်းအဆင်မပြေတဲ့အချိန်

တွေလည်း ရှိတဲ့အခါကျတော့ လာမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာဆိုလို့ရှိရင် election re-porting ကို free and fair ဖြစ်ဖို့ဆိုရင် မီဒီယာပိုင်းကနေ ကြိုးစားအားထုတ်ရမှာဖြစ်သလိုမျိုး တစ်ဖက်က ဒီလိုအင်တာနက်လိုင်းတွေ မကောင်းဘူး၊ လျှပ်စစ်မီးတွေလည်း ပုံမှန်မလာဘူးဆိုရင် ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို သတင်းသိပိုင်ခွင့်ရှိတဲ့နိုင်ငံသားတွေအတွက် အခက်အခဲရှိမယ်ဆိုတော့အဲဒါတွေကိုလည်း ဝိုင်းဝန်းဖြေရှင်းပေးဖို့ ဆွေးနွေးခဲ့တာရှိပါတယ်။

၄။ နောက်တစ်ခုက လုံခြုံမှုအပိုင်း။ Safety of Journalist ပေါ့နော်။ သတင်းတစ်ခုခု သွားယူမယ်ဆိုရင် သတင်းသမားတွေအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်သွားဖို့ လိုတယ်။ တစ်ဆက်တည်းမှာပဲ ဒီရွေးကောက်ပွဲသတင်းနဲ့ issue based သတင်းတွေကို တင်ပြတဲ့အခါမှာ သတင်းရေးသားမှုကို စနစ်တကျဖြစ်အောင် မျှတမှုရှိအောင် ဘက်လိုက်မှုမရှိအောင်ပေါ့နော် တစ်ဖက်မှာ သတင်းသမားတွေအနေနဲ့ သတင်းကို ထိထိရောက်ရောက်နဲ့ သတင်းရေးသား ထုတ်လုပ်တင်ဆက်နိုင်အောင် ရွေးကောက်ပွဲမတိုင်ခင်မှာ နယ်အလိုက် တိုင်းဒေသကြီးအလိုက် ပြည်နယ်အလိုက် election reporting training တွေ capcity building လိုအပ်တယ်ဆိုတာကိုတော်တော်များများဆွေးနွေးဖြစ်ပါတယ်။

၅။ နောက်တစ်ချက်က မြန်မာသတင်းမီဒီယာကောင်စီက တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ မီဒီယာဘက်က ရပ်တည်ပြီးတော့ ကူညီဖြေရှင်း လုပ်ဆောင်ပေးတဲ့ ကောင်စီဖြစ်တဲ့အခါကျတော့ ရှေ့ဆက်သွားမယ့် ကာလတွေမှာ ရွေးကောက်ပွဲအပြီး ကာလထိ အစိုးရအသစ် သက်တမ်းထိရော long term သွားရမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို ပိုပြီးအားကောင်းအောင် လုပ်ဆောင်သွားဖို့ ထည့်သွင်းဆွေး နွေးခဲ့တာရှိပါတယ်။ ထိုကဲ့သို့ အားကောင်းအောင် လုပ်ဆောင်သွားမယ့် အပိုင်းမှာလည်း ဒေသတစ်ခုတည်းမှာ စုစည်းတာမျိုးမဟုတ်ပဲ ဒေသအသီးသီးက ကိုယ်စားပြုတဲ့ မီဒီယာကို တိုးတက်လာအောင် ဝန်းရံပေးမယ့် ကိုယ်စားပြုသူတွေလည်း ပါဝင်လာစေဖို့ ဆိုတာမျိုး ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပွဲ ၅ ၏ ဆွေးနွေးချက်အားလုံးကို ပြန်ပြီးချုပ်တဲ့အခါ ဒီအချက်လေးတွေ ထွက်ရှိတာဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

MPC BBC MEDIA ACTION EMBASSY OF DENMARK

DW Akademie german cooperation DEUTSCHE ZUSAMMENARBEIT fhi360 THE SCIENCE OF IMPROVING LIVES IMS FOJO: MEDIA INSTITUTE Linnæus University

Internews Local voices. Global change. JICA MYPOL UKaid from the British people

UNESCO United Nations Educational, Scientific and Cultural Organization USAID FROM THE AMERICAN PEOPLE